# လူမှုအဖွဲ့ အစည်းများ၏ အချက်အလက်များဆိုင်ရာ စစ်တမ်းကောက်ယူခြင်း

# နှင့်

# လိုအပ်ချက်များကို အကဲဖြတ်ခြင်း



# မာတိကာ


| | | Page |
|---|---|---|
| **အခန်း (၁)** | **လူမှုအဖွဲ့အစည်း၏ အချက်အလက်များ Community Profile** | 2 |
| **အခန်း (၂)** | **လိုအပ်ချက်များကို အကဲဖြတ်ခြင်း Need Assessment** | 23 |


DEP စာစဉ်အား အတန်းတွင်း၌အသုံးပြုရန်အတွက် ပြန်လည်ပြုစုထားပါသည်။

# လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များ
**(Community Profiles)**

## သင်ခန်းစာ ဦးတည်ချက်များ

- လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များ အကြောင်းကိုရှင်းလင်းစွာ ဖော်ပြနိုင်ရန်။
- လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များ စာတမ်းတစ်ခု ပြုစုရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များ စာရင်းကို ပြုစုနိုင်ရန်
- လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များ စစ်တမ်းကောက်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လုပ်ဆောင်တတ်ရန်။
- စုဆောင်းရရှိထားသည့် အချက်အလက်များအား မည်သို့အသုံးပြုရမည်ကို ရှင်းလင်းတင်ပြနိုင်ရန်။
- လူမှုအဖွဲ့အစည်း တခုအတွက် လူမှုအဖွဲ့အစည်းအခြေအနေ ဖြစ်စဉ်အကျဉ်း တခု လက်တွေ့ ပြုစုတင်ပြနိုင်ရန်။

# လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များ

## (Community Profiles)

**အဖွဲ့ လိုက်ဆောင်ရွက်ရန်**

သင်နေထိုင်သော မြို့ / ရွာ ၏စနစ်ပုံကို ရေးဆွဲ ပြီး လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ ရုံး၊ ဘာသာရေး အဆောက်အဦ အစရှိသည့် အရေးပါသည့် အဆောက်ဦတို့အားပြည့်စုံစွာ ထည့်သွင်း ဖေါ်ပြပါ။ယင်းစံနစ်ပုံတွင်ဖေါ်ပြထားသော အရာများကို ပြန်လည်တင်ပြရာတွင် မိမိ အဖွဲ့၌ပါဝင်သူအားလုံး တာဝန်ခွဲဝေ၍ ပါဝင်တင်ပြရပါမည်။

**နိဒါန်း**

လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များဆိုင်ရာ စစ်တမ်းကောက်ယူခြင်း နှင့်ပတ်သက်၍ ပထမခေါင်းစဉ်ကို စတင်လေ့လာမည်ဖြစ်ပါသည်။ ဤခေါင်းစဉ်တွင် အောက်ပါအချက်အလက်များကိုလေ့လာသွားပါမည်။

- လူမှုအဖွဲ့အစည်းများ၏ အချက်အလက် ဆိုသည့်အဓိပ္ပါယ်
- လူမှုအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များအနေဖြင့် အဘယ်ကြောင့်အချက်အလက်စစ်တမ်းပြုစုရခြင်း
- လူမှုအဖွဲ့အစည်းများ၏ အချက်အလက်စစ်တမ်းပြုစုနိုင်ရန် လိုအပ်သည့် သတင်းအချက်အလက်များ
- လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များဆိုင်ရာ စစ်တမ်းကိုပြုစုခြင်းနည်းလမ်း စသည်တို့ဖြစ်ပါသည်။

**လူမှုအဖွဲ့အစည်း၏ အချက်အလက်များ ၏ အဓိပ္ပါယ်**

လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များဆိုသည်မှာ လူမှုအဖွဲ့အစည်းတခုအတွင်းနေထိုင်သော ပြည်သူများ၏ အချက်အလက်၊ အခြေအနေများကို ဖော်ပြထားမှုသာဖြစ်ပါသည်။ လူမှုအဖွဲ့အစည်းအတွင်းရှိ ပြည်သူများကို အောက်ဖော်ပြပါခေါင်းစဉ်များအတိုင်း ခွဲခြားသတ်မှတ်ပြီး၊ မှတ်တမ်းယူထားခြင်းသာ ဖြစ်ပါသည်။

- အသက်အရွယ်အလိုက် အုပ်စုများ
- လိင် (ကျား/မ) အလိုက် အုပ်စုများ
- အလုပ်အကိုင်အခြေအနေ (အလုပ်အကိုင်ရှိ–မရှိ)
- အိမ်ထောင်ပြုထားမှုအခြေအနေ (အိမ်ထောင်ရှိ/အိမ်ထောင်ကွဲ/လူပျို–အပျို/တခုလပ် စသဖြင့်)
- မိသားစုအလိုက် အုပ်စုများ
- ပညာရေးအဆင့်အတန်း စသည့်အချက်များပါဝင်ပါသည်။

ထို့အပြင် အခြားအချက်အလက်များစွာ ရှိပါသည်။ လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များက ထိုလူမှုအဖွဲ့အစည်းအနေဖြင့် မည်ကဲ့သို့သော အနေအထားရှိသည်ကို သိသာစေပါသည်။

- သမိုင်းရေးအရသော်လည်းကောင်း၊
- အရင်းအမြစ်အရသော်လည်းကောင်း၊
- အသင်းအဖွဲ့များတည်ရှိနေမှုနှင့် ပတ်သက်၍သော်လည်းကောင်း၊
- ယဉ်ကျေးမှုနှင့် ပတ်သက်၍သော်လည်းကောင်း သိရှိနိုင်စေပါသည်။

## လူမှုအဖွဲ့အစည်းများ၊ အချက်အလက်များကောက်ယူမှတ်တမ်းတင်ရခြင်း၏ ရည်ရွယ်ချက်

လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များကိုကောက်ယူမှတ်တမ်းတင်ထားခြင်းအားဖြင့် အဖွဲ့အစည်းများအနေဖြင့် ထိုလူမှုအဖွဲ့အစည်းရှိ ပြည်သူများ မည်သည့်နေရာတွင်နေထိုင်ကြသည်၊ မည်သို့လုပ်ကိုင်စားသောက်ကြသည်ကို သဘောပေါက်စေနိုင်ပါသည်။ လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များအနေဖြင့် ထိုဒေသအတွင်းနေထိုင်သော ပြည်သူများ၏ အမျိုးအစားများကိုခွဲခြားဖော်ပြပေးပါသည်။ ဥပမာအားဖြင့်–

- လူမှုအဖွဲ့အစည်းဝင်များအနေဖြင့်၊ မိမိလူမှုအဖွဲ့အစည်းအတွင်းနေထိုင်ကြသော မတူကွဲပြားသောအုပ်စု (အင်အားစု)များကို သိရှိသဘောပေါက်လာစေရန်၊ ထိုအခါ မိမိတို့လူမှုအဖွဲ့အစည်း၏ကောင်းကျိုးအတွက် ပိုမိုထိရောက်စွာအတူတကွ လက်တွဲအလုပ်လုပ်နိုင်ကြစေရန် ။
- လူမှုအဖွဲ့အစည်းများအတွင်း မတူကွဲပြားသောအုပ်စုများအကြား၊ မတူကွဲပြားသောလိုအပ်ချက်များကို သိရှိသဘောပေါက် နိုင်ရေးအတွက် ကူညီပေးရန်။
- လူမှုအဖွဲ့အစည်းတခု၏ အခြေအနေနှင့် အခြားလူမှုအဖွဲ့အစည်းတခုကို နှိုင်းယှဉ်ဖော်ပြနိုင်ရန်။
- လူမှုအဖွဲ့အစည်းများနှင့် ၎င်း၏အဖွဲ့ဝင်ပြည်သူများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်။
- ထိုလူမှုအဖွဲ့အစည်း၏ လိုအပ်နေချက်များကို ပိုင်းခြားဆုံးဖြတ်နိုင်ရန်တို့အတွက် ဖြစ်ပါသည်။

အကယ်၍ လူမှုအဖွဲ့အစည်းအတွင်းရှိအုပ်စု (အင်အားစု)များကို ခွဲခြားသတ်မှတ်နိုင်ပြီဆိုပါက ထိုလူမှုအဖွဲ့အစည်း၏ လိုအပ်နေချက်များကို ပိုင်းခြားဆုံးဖြတ်နိုင်ရန်အတွက် သင်ရှေ့ဆက်လုပ်ဆောင်နိုင်ပြီ ဖြစ်ပါသည်။ ထိုလိုအပ်ချက်များကို သိရှိသည်နှင့်အမျှ ၎င်းတို့ကို ဖြည့်ဆည်းနိုင်ရန်အတွက် လုပ်ငန်းအစီအစဉ်များကို ချမှတ်နိုင်၊ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

ဤဖော်ပြပါ အချက် (၅) ချက် သည် တခုနှင့်တခုဆက်စပ်မှုရှိနေကြပါသည်။ အောက်တွင်ဖော်ပြထားသော လုပ်ငန်းစီးဆင်းပုံဇယားကို ကြည့်စေလိုပါသည်။

လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များ

⇩

လူမှုအဖွဲ့အစည်းအတွင်းရှိ အုပ်စုများကို ခွဲခြားသတ်မှတ်စေနိုင်ခြင်း

⇩

လိုအပ်နေချက်များကို ပိုင်းခြားဆုံးဖြတ်နိုင်ရန်အတွက် ပြင်ဆင်ခြင်း။

⇩

လိုအပ်နေချက်များကို ပိုင်းခြားဆုံးဖြတ်ခြင်း။

⇩

၎င်းလိုအပ်နေမှုများကို ဖြည့်ဆည်းနိုင်ရန်အတွက် လုပ်ငန်းအစီအစဉ်များ ပြင်ဆင်ပြုစုခြင်း။

⇩

ထိုလူမှုအဖွဲ့အစည်းအတွင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန် အတွက်ရံပုံငွေ ရှာဖွေခြင်း။

### လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များတွင် ပါဝင်ရမည့် အချက်များ

လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များမှတ်တမ်းကောက်ယူရာတွင် သတင်းအချက်အလက်မျိုးစုံကို စုဆောင်းကောက်ယူရန်လိုအပ်ပါသည်။ လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များနှင့်ပတ်သက်၍ အချက်အလက် အမျိုးမျိုးရှိသည့်အနက် အရေးကြီးသည့် ပါဝင်ရမည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### လူဦးရေဆိုင်ရာအချက်အလက်များ (Demographic information)

- လူဦးရေ အရေအတွက်
  ၁. ဤလူမှုအဖွဲ့အစည်းအတွင်း လူဦးရေမည်မျှနေထိုင်သနည်း။
  ၂. မတူကွဲပြားသောလူမျိုးစုများက ဤလူမှုအဖွဲ့အစည်းအတွင်း အရေအတွက်မည်မျှ ပါဝင်နေထိုင်ကြသနည်း။
  ၃. ဤလူမှုအဖွဲ့အစည်းအတွင်း မတူကွဲပြားသောဘာသာကိုးကွယ်သည့် အရေအတွက် မည်မျှပါဝင်နေထိုင်ကြသနည်း။
- လိင်အရခွဲခြားမှု (ကျား/မ)
- အသက်အရွယ်အရအုပ်စုများ (လူမှုအဖွဲ့အစည်းအတွင်းရှိ ပြည်သူများကို အသက်အရွယ်အရပိုင်းခြားခြင်း)
- မွေးဖွားရာဒေသများ (မည်သည့်ပြည်နယ်/တိုင်းအတွင်း တည်ရှိသနည်း။)
- နေထိုင်မှု (လူအများစုက အချိန်အများစုတွင် မည်သည့်နေရာ၌နေထိုင်ကြသနည်း။)
- မိသားစု အမျိုးအစားများ (မိဘတဦးတည်းရှိသော မိသားစု/မိဘနှစ်ဦးစလုံးရှိသော မိစုံဖစုံ မိသားစု/ မိသားစုကြီး ဖြင့် စုပေါင်းနေထိုင်သော မိသားစု)
- ဘာသာစကား (တိုင်းရင်းသားဘာသာစကား/ မြန်မာစကား/အခြားဘာသာစကား ပြောဆိုမှု)
- အိုးအိမ်အနေအထား(မိသားစုတခုတည်းနေသောအိမ်/မိသားစုတခုထက်ပို၍ စုပေါင်းနေထိုင်သောအိမ်ယာ)
- ဝင်ငွေ (ဝင်ငွေအတိုင်းအတာအရပိုင်းခြားမှု)
- အလုပ်အကိုင်ရရှိမှုအခြေအနေ (အလုပ်အကိုင် အချိန်ပြည့်ရှိ/ ပုံမှန်အချိန်ပိုင်းအလုပ်ရှိ/ ကျပမ်း နေ့စားအလုပ်သမား/အလုပ်လက်မဲ့)
- အလုပ်အကိုင်အမျိုးအစား (အုပ်ချုပ်ရေး/စိုက်ပျိုးရေး/ကုန်သွယ်မှု /စစ်မှုထမ်း စသဖြင့်)
- ပညာရေး (ကျောင်းပညာရေးသင်ကြားခဲ့ရသောနှစ် အရေအတွက်)
- အပန်းဖြေအနားယူနိုင်မှု စသဖြင့် ဖြစ်ပါသည်။
- အခြား------------- **(သင့်အနေဖြင့် မည်သည့်ခေါင်းစဉ်များကို ထပ်မံဖြည့်စွက်လိုပါသနည်း။ )**

### အရင်းအမြစ်များ (Resources)

ထိုလူမှုအဖွဲ့အစည်းအနေဖြင့် ပိုင်ဆိုင်သော၊ သို့မဟုတ်သဘာဝအရ ပေးအပ်ထားသောအခြေအနေများ ရှိပါသည်။ ဥပမာအားဖြင့် –

- အလုပ်အကိုင်နေရာချထားနိုင်မှု (ထိုလူမှုအဖွဲ့အစည်းအတွက်အလုပ်အကိုင်နေရာချထားနိုင်မှုအခြေအနေ)
- စက်ပစ္စည်းနှင့် ကရိယာများ (ဥပမာ–ထွန်စက်များ၊ မီးစက်များ၊ လယ်ယာသုံးကရိယာများ)
- မွေးမြူရေး (ဥပမာ–ကြက်၊ ဘဲ၊ ကျွဲ၊ နွား အရေအတွက်)
- စက်များ (ဥပမာ–တယ်လီဖုန်းများ၊ ဖက်စ် စာပို့စက်များ၊ ကွန်ပြူတာများ၊ ရေဒီယိုများ ပိုင်ဆိုင်ထားမှု)
- ရံပုံငွေ (ပုံမှန်ရံပုံငွေ၊ သို့မဟုတ် ရံဖန်ရံခါရသော ရံပုံငွေအခြေအနေ)
- အဆောက်အဦများ (ဥပမာ– အိမ်၊ ရုံး၊ အစည်းအဝေးခန်းမ၊ ကျောင်း၊ ဘာသာရေးအဆောက်အဦများ)

- မြေယာ (စပါးစိုက်ပျိုးသောမြေ၊ ဥယာဉ်ခြံစိုက်ပျိုးသောမြေ၊ သစ်တောမြေရိုင်း၊ စားကျက်မြေ၊ စသဖြင့်)။
- အခြား -- ---------- ---

**အဖွဲ့အစည်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများ (organizations and services)**

ထိုလူမှုအဖွဲ့အစည်းအတွင်း စုစည်းလုပ်ကိုင်နေသော၊ နည်းလမ်းတမျိုးမျိုးဖြင့် လည်ပတ်ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ (Organisations and services) ကို ပါဝင်ဖော်ပြစေရမည် ဖြစ်ပါသည်။ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (ဆေးပေးခန်း၊ ဆေးရုံ၊ အမြဲတမ်းရှိသောဆေးမှူး၊ လှည့်လည်ကြည့်ရှုကုသသော ဆေးမှူး၊ ရိုးရာတိုင်းရင်းဆေးဆရာ/သားဖွါး)
- ပညာရေး (မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ)
- စီမံခန့်ခွဲရေး (ကျေးရွာ/ရပ်ကွက်/လူမှုအဖွဲ့အစည်းရုံး၊ ကော်မီတီ)
- သင်တန်းများ (ပုံမှန်သင်တန်းများနှင့် ရံဖန်ရံခါရရှိသောသင်တန်းများ အခြေအနေ)
- အခြား-------------

**လူမှုအဖွဲ့အစည်းသမိုင်းကြောင်း (Community history)**

လူမှုအဖွဲ့အစည်းသမိုင်းကြောင်း အနေဖြင့်အောက်ပါအချက်များပါဝင်နိုင်ပါသည်။

- ယင်းလူမှုအဖွဲ့ အစည်း (မြို့၊ ကျေးရွာ/စခန်း) စတင်တည်ထောင်သောရက်စွဲ
- စတင်တည်ထောင်ရခြင်းအကြောင်း (ဥပမာ- ပြည်တွင်းစစ်၊ တိုက်ပွဲများကြောင့် ရွှေ့ပြောင်းအခြေချရခြင်း)
- ထူးခြားသောအဖြစ်အပျက်များ - ကျောင်းစတင်တည်ထောင်နိုင်မှု၊ တိုက်ပွဲများ၊ အဓိကဖြစ်ပွါးခဲ့သော ကပ်ရောဂါများ၊ မီးသင့်မှု၊ (ကျေးရွာ၊ ရပ်ကွက်) လူမှုအဖွဲ့အစည်းရုံးစတင်တည်ထောင်မှု။
- ထူးခြားသောဖြစ်ပေါ်တိုးတက်မှု - လူမှုအဖွဲ့အစည်း၏တစိတ်တပိုင်း ပြန်လည်ရွှေ့ပြောင်းနေရာချထားခံရသော အခြေအနေ၊ လူမှုအဖွဲ့အစည်းဖွံ့ဖြိုးရေးအတွက် ရံပုံငွေရရှိမှုအခြေအနေ။
- အခြား-------------

**ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များ (Culture)**

ဤအချက်အလက်များအနေဖြင့် ဤလူမှုအဖွဲ့အစည်းအနေဖြင့် မည်သို့မည်ပုံပြုမူနေထိုင်သည်၊ မည်သို့လှုပ်ရှားလည်ပတ်နေသည်ကို သိရှိနိုင်ပါသည်။ ဤသတင်းအချက်အလက်များတွင် အောက်ပါတို့ပါဝင်နိုင်ပါသည်။

- အဓိကလူမျိုးအုပ်စုများ- ကရင်၊ မွန်၊ မြန်မာ စသဖြင့်
- လူနည်းစုအုပ်စုများ- အိန္ဒိယနွယ်ဖွားများ၊ မူဆလင်များ၊ ဥရောပတိုက်သားများ စသဖြင့်
- အဓိကပြောဆိုသုံးစွဲသော ဘာသာစကား- စကောကရင်၊ ပိုးကရင်၊ မွန်၊ ဗမာစသဖြင့်
- အဓိက ကိုးကွယ်ယုံကြည်မှု- နတ်စား၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ စသဖြင့်
- ထိုလူမှုအသိုင်းအဝိုင်း၏ အဓိကယဉ်ကျေးမှုဆိုင်ရာ ဖြစ်စဉ်များ
- အခြား ------------------ စသည့်အချက်များပါဝင်သည်။

**ဆွေးနွေးရန်**

လူမှုအဖွဲ့ အစည်း၏ အချက်အလက်များကိုမှတ်တမ်းပြုရာတွင် ပါဝင်ရမည့် အဓိကခေါင်းစဉ်တစ်ခုချင်းစီ သည် မည်ကဲ့သို့ အရေးကြီးကြောင်းကို မိမိ အုပ်စုအတွင်းဆွေးနွေးပြီး ပြန်လည်တင်ပြပါ။

**လေ့ကျင့်ရန်။ သင်လေ့လာသိရှိချက်များကို သင်နားလည်သလို ပြန်လည်ရှင်းလင်းတင်ပြရန်**

၁. လူမှုအဖွဲ့အစည်း ၏ အချက်အလက်များ(Community Profile)ဆိုသည်မှာ အဘယ်နည်း။
၂. လူမှုအဖွဲ့ အစည်း ၏ အချက်အလက်များကို မှတ်တမ်းပြုခြင်း ၏ ရည်ရွယ်ချက်မှာအဘယ်နည်း။
၃. လုပ်ငန်းစီးဆင်းပုံဇယားရှိ လုပ်ငန်းစဉ်အဆင့်ဆင့်၏ အဓိကရည်ရွယ်ချက်ပန်းတိုင်ကြီးသည် မည်သည့်အရာ ဖြစ်ပါသနည်း။
၄. သင်၏ လူမှုအဖွဲ့အစည်းတွင် ရှိနေသော အရင်းအမြစ်များအနက် ဥပမာ(၁၀)ခု ကိုဖော်ပြပါ။
၅. သင်၏ လူမှုအဖွဲ့အစည်းတွင် ရှိနေသော ဝန်ဆောင်မှုလုပ်ငန်းများအနက် ဥပမာ (၅) မျိုးကိုဖော်ပြပါ။
၆. သင်၏ လူမှုအဖွဲ့အစည်း သမိုင်းကြောင်းကိုဖော်ပြရမည်ဆိုလျှင် ပါဝင်ရမည့် အဓိကခေါင်းစဉ် (၃)ခုကို ဖော်ပြပါ။
၇. သင့်လူမှုအဖွဲ့အစည်းတွင် ယဉ်ကျေးမှုအရ အဓိကကျသည့် အုပ်စုတခုကို ဖော်ပြပြီး သင့်လူမှုအဖွဲ့အစည်း ၏ ယဉ်ကျေးမှု နောက်ခံအခြေအနေကို ယေဘုယျ သုံးသပ်တင်ပြပါ။

ဆက်လက်ဖော်ပြထားသော 'လူမှုအဖွဲ့အစည်းဆိုင်ရာ အချက်အလက်များမှတ်တမ်း' မှာ၊ နမူနာတခုဖြစ်ပါသည်။

## မွန်ဒုက္ခသည်စခန်း
## လူမှုအဖွဲ့အစည်းဆိုင်ရာအချက်အလက်များ

**နိဒါန်း**

ယခုဖော်ပြထားသော လူမှုအဖွဲ့အစည်းဆိုင်ရာအချက်အလက်များမှာ ထိုင်း-မြန်မာနယ် စပ်တစ်နေရာရှိ ထိုင်းနိုင်ငံ၊ စံခလပူရီမြို့အနီး၊ မွန်ဒုက္ခသည်စခန်းတခု အကြောင်းဖြစ်ပါသည်။ ဤအစီရင်ခံစာမှာ ၁၉၉၄ နှင့် ၁၉၉၅ ခုနှစ်အတွင်း ထိုင်း-မြန်မာနယ်စပ်ဒေသရှိ ဒုက္ခသည်စခန်းများ၏ ပညာရေးလိုအပ်ချက်အပေါ် ကျယ်ပြန့်စွာ ကွင်းဆင်းလေ့လာမှုမှ ကောက် နုတ်ပြင်ဆင်ပြုစုထားခြင်းဖြစ်ပါသည်။ ယခုအခါ မွန်ဒုက္ခသည်များမှာ မြန်မာနိုင်ငံအတွင်းသို့ ပြန်သွားကြပြီဖြစ် ပါသည်။

ဤလူမှုအဖွဲ့အစည်းဆိုင်ရာအချက်အလက်များက ဒုက္ခသည်စခန်းရှိ လူထုများ၏ အခြေအနေရုပ်ပုံကားချပ် ကို ထင်ဟပ်နေပါသည်။ ထိုစခန်းအတွင်းနေထိုင်ကြသော လူဦးရေ၊ ပညာရေးအခြေအနေ၊ ပညာရေးအပေါ် သဘောထား၊ ပညာရေးအတွက်သင်ကြားနိုင်သော အရင်းအမြစ်များ၊ ပညာရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကိုလည်း တွေ့ကြရမည် ဖြစ်ပါသည်။

ဤကဲ့သို့အချက်အလက်စစ်တမ်းကောက်ယူမှုကို ထိုင်းအာဏာပိုင်များထံသို့ ပညာရေးလုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် စစ်တမ်းကောက်ယူခဲ့ခြင်း ဖြစ်ပါသည်။

**အချက်အလက်များကို ကောက်ယူ စုစည်းထားပုံ**

ဤအချက်အလက်များကို ဆွေးနွေး၍မေးမြန်းအကြံတောင်းခံခြင်း၊ လေ့လာခြင်း၊ အသက် (၁၈–၅၀) ကြားရှိလူ (၃၀၀) ဦးကို မေးခွန်းများ မေးမြန်း၍စုဆောင်းကောက်ယူခဲ့ခြင်းဖြစ်ပါသည်။ ပို၍အတွင်းကျသော သတင်းအချက်အလက် များ ရယူနိုင်ရန်အတွက် ကျောင်းဆရာ၊ ဆရာမများ၊ စခန်းရှိခေါင်းဆောင်များ၊ မိဘများနှင့် ကျောင်းသားများကို တွေ့ဆုံမေးမြန်း ခဲ့ပါသည်။ ဤအချက်အလက်များ ရရှိရန်အတွက် မေးခွန်းများကို (၂) ပိုင်းခွဲ၍မေးမြန်းခဲ့ပါသည်။ တပိုင်းမှာ မိသားစုဝင်များ၏ အခြေအနေနှင့်ပတ်သက်ပြီး၊ အခြားတပိုင်းမှာ ပညာရေးနှင့် လေ့ကျင့်သင်တန်းပေးမှုများ လက်ခံရရှိထားမှု အခြေအနေနှင့် ပတ်သက်ပါသည်။

**ရလဒ်**

ဤသို့စစ်တမ်းကောက်ယူမှုမှရလာသော ရလဒ်များကို ပြန်လည်စီစစ်သုံးသပ်၍၊ အစီရင်ခံစာတစောင်ဖြင့် တင်ပြခဲ့ပါ သည်။ မွန်၊ ကရင်နီ ဒုက္ခသည်စခန်းများမှ လူထုများ၏အခြေအနေနှင့်ပူးတွဲ၍ဖော်ပြခဲ့ပါသည်။

## အပိုင်း (၁)

**သမိုင်းကြောင်းနောက်ခံ**

မြန်မာနိုင်ငံရှိ အခြားသောတိုင်းရင်းသားလူမျိုးများနှင့်အတူ၊ မွန်တိုင်းရင်းသားများသည်လည်း မြန်မာအစိုးရကို တန်းတူညီမျှမှုနှင့်ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများရရှိရန် တော်လှန်ခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင်ဖြစ်ပွါးနေသော ပြည်တွင်းစစ်ပွဲများကာလအတွင်း အိုးအိမ်ရွှေ့ပြောင်းနေထိုင်မှုများရှိခဲ့ကြပါသည်။ (အချို့သော ရွှေ့ပြောင်း နေထိုင်မှုများမှာ မြန်မာနိုင်ငံနယ်စပ်တလျှောက်၊ မြန်မာနိုင်ငံဖက် အခြမ်းတွင်ဖြစ်ပြီး အချို့မှာနယ်စပ်ကို ဖြတ်ကျော်၍ထိုင်းနိုင်ငံတွင်ခိုလှုံခဲ့ကြရပါသည်။)

ဤသို့ရွှေ့ပြောင်းနေထိုင်ကြရသော လူဦးရေမှာ တဖြည်းဖြည်းချင်းတိုးတက်လာနေခဲ့ပါသည်။ ထိုင်းနိုင်ငံအတွင်း ဝင်ရောက်ခိုလှုံခဲ့ကြသော မွန်ဒုက္ခသည်များမှာ (၁၉၉၀) ခုနှစ် မှစတင်၍ ဖြစ်ပေါ်လာနေခဲ့ပါသည်။ ထိုအချိန်တွင် ထိုင်းနိုင်ငံဒေသဆိုင်ရာ အာဏာပိုင်များနှင့်ညှိနှိုင်း၍ ကန်ချနပူရီခရိုင်၊ စံခလပူရီ မြို့အနီးတွင် ဒုက္ခသည်လူဦးရေခန့်မှန်းခြေ (၁၀၀၀၀) အတွက် စခန်းတည်ခဲ့ကြပါသည်။

## အပိုင်း (၂)

**လူထုများ**

**၁။ မွန်ဒုက္ခသည်များ၏ အသက်အရွယ်အပိုင်းအခြား၊ လိင်ကွဲပြားမှု**

စခန်းအတွင်းရှိနေထိုင်သူများ၏ (၄၀) ရာခိုင်နှုန်းမှသည် (၅၀) ရာခိုင်နှုန်းကြားမှာ အသက် (၁၄) နှစ်အောက် ငယ်သောကလေးများဖြစ်ကြပါသည်။ လူဦးရေ၏ (၃၀) ရာခိုင်နှုန်းခန့်မှာ အသက် (၁၀) နှစ်အောက်ထက်ငယ်သော ကလေးများဖြစ်ကြသည်။ အသက် (၅၅)နှစ် ကျော်လွန်သော သက်ကြီးရွယ်အိုအရေအတွက် အနည်းငယ်သာရှိပါသည်။

မွန်ဒုက္ခသည်များ၏ ကျား၊ မ အသက် အုပ်စု ဖေါ်ပြချက် ဂရပ်ပုံ




**၂။ မိသားစုဝင်များ၏ အနေအထား**

ဤလူမှုအဖွဲ့အစည်းတွင် ငယ်ရွယ်သောမိသားစုများ ဖြစ်နေကြပြီး၊ (၄၀) ရာခိုင်နှုန်းခန့်သော မိသားစုဝင်များမှာ အိမ်ထောင်ရှင် ခင်ပွန်းသို့မဟုတ် ဇနီးများဖြစ်ကြပါသည်။ ထိုစခန်းလူဦးရေ၏တဝက်ကျော်မှာ ကလေးငယ်များ ဖြစ်ကြပါသည်။

အိမ်ထောင်စုဝင်မိသားစုများ



### ၃။ စခန်းအတွင်းနေထိုင်သော လအရေအတွက်

ဤစစ်တမ်းကောက်ယူသောကာလအတွင်းတွင်၊ စခန်းရှိလူဦးရေတဝက်နီးပါးခန့်မှာ စခန်းအတွင်းနေထိုင်မှု (၁၂) လ မပြည့်သေးသော သူများဖြစ်ကြပါသည်။ (၂၃) ရာခိုင်နှုန်းသော လူဦးရေသာစခန်းအတွင်းနေထိုင်မှု (၄)နှစ် သို့မဟုတ် ထိုထက် ကျော်လွန်သော သူများ ဖြစ်ကြပါသည်။




စခန်းအတွင်းနေထိုင်သော လအရေအတွက်ဖော်ပြထားသော ဂရပ်

### ၄။ စီးပွါးရေးလုပ်ငန်းများ

ဤစခန်းအတွင်းနေထိုင်သူများမှာ ပြင်ပမှအထောက်အပံ့ပေးလာမှုအပေါ် မှီခိုနေထိုင်ကြရသူများဖြစ်သည်။ သို့သော် ဒုက္ခသည်စခန်းများတွင် အခြားသောလူမှုအဖွဲ့အစည်းများကဲ့သို့ပင်၊ စီမံခန့်ခွဲအုပ်ချုပ်ရေး လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလိုအပ်ပါသည်။ ဒုက္ခသည်များက ထိုသို့သောဝန်ဆောင်မှုလုပ်ငန်းများကို မိမိတို့ဖာသာ စီမံလုပ်ဆောင်ကြပါသည်။

**ဇယား ၄ (က)။ မွန်ဒုက္ခသည်စခန်းအတွင်းနေထိုင်ကြသူများ၏ စီးပွါးရေးလုပ်ငန်းလုပ်ဆောင်မှုများ။**

| လုပ်ငန်းများ | ကျား | မ (ရာခိုင်နှုန်းအားဖြင့်) | စုစုပေါင်း |
|---|---|---|---|
| ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများနှင့် အုပ်ချုပ်ရေး | ၁၈.၇ | ၇.၄ | ၁၃.၂ |
| နေ့စားအလုပ် သမား | ၁၆.၈ | ၉.၀ | ၁၃.၂ |
| လယ်ယာစိုက် ပျိုးရေး | ၂၁.၆ | ၁၄.၅ | ၁၈.၂ |
| ဥယျာဉ်စိုက်ပျိုးမှု | ၃.၄ | ၂.၂ | ၂.၈ |
| အမဲလိုက်ခြင်းနှင့် အသီးအရွက်ကောက်ခြင်း | ၇.၄ | ၁.၃ | ၄.၄ |
| ကုန်သွယ်မှု | ၄.၄ | ၄.၀ | ၄.၂ |
| ကုန်ထုတ်လုပ်မှု | ၄.၈ | ၂.၅ | ၃.၇ |
| ကျောင်းသား | ၃.၂ | ၇.၆ | ၅.၃ |
| အိမ်အလုပ် | ၁၁.၆ | ၄၅.၄ | ၂၈.၀ |
| အလုပ်မရှိ | ၃.၈ | ၃.၄ | ၃.၆ |
| အမျိုးအမည်မခွဲခြားနိုင်သောလုပ်ငန်းများ | ၄.၄ | ၂.၂ | ၃.၄ |
| **စု စု ပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| **အရေအတွက်** | **၄၇၆** | **၄၄၇** | **၉၂၃** |

ယင်းစခန်းတွင်းရှိနေထိုင်သူအများစုသည် လယ်ယာလုပ်ငန်းလုပ်ကိုင်ခဲ့ကြသူများ ဖြစ်ကြသည်။ ဒုက္ခသည် စခန်းသို့မရောက်လာမီ မူလက (၆၁) ရာခိုင်နှုန်းသောသူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ခဲ့ကြသည်။

**ဇယား ၄ (ခ)**

| လုပ် ငန်းများ | ကျား | မ (ရာခိုင်နှုန်းအားဖြင့်) | စုစုပေါင် း |
|---|---|---|---|
| ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန် းများနှင့် အုပ်ချုပ်ရေး | ၂.၄ | ၃.၁ | ၂.၈ |
| ကုန်ရောင်းဝယ် ၊ စက်ရုံ လုပ်သား | ၉.၁ | ၁၃.၆ | ၁၁.၃ |
| အိမ်လုပ်ငန် းအကူ | ၁၇.၁ | ၁၄.၈ | ၁၅.၉ |
| လယ်ယာစိုက်ပျိုးရေးနှင့် တံငါငါးဖမ်းခြင်း | ၆၂.၂ | ၅၈.၆ | ၆၀.၆ |
| စစ်သား | ၄.၉ | ၀.၀ | ၂.၄ |
| ကျောင်းသား | ၁.၂ | ၁.၂ | ၁.၂ |
| အိမ်လုပ်ငန်း | ၁.၂ | ၈.၀ | ၄.၆ |
| အမျိုးအမည်မခွဲခြားနိုင်သော လုပ်ငန်းများ | ၁.၈ | ၀.၆ | ၁.၂ |
| အိမ် အလု ပ် | ၁၁.၆ | ၄၅.၄ | ၂၈.၀ |
| **စု စု ပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| **အရေအတွ က်** | **၁၆၄** | **၁၆၂** | **၃၂၆** |

**၅။ မွေးဖွားရာဇာတိနောက်ခံ**

မွန်ဒုက္ခသည်စခန်းရှိနေထိုင်သူ (၈၀) ရာခိုင်နှုန်းကျော်မှာကျေးလက်ဒေသတွင်မွေးဖွားကြီးပြင်းခဲ့သူများဖြစ်သည်။




**၆။ လူမျိုးနှင့် ဘာသာရေးကိုးကွယ်မှု**

မွန်ဒုက္ခသည်စခန်းရှိနေထိုင်သူ (၉၀) ရာခိုင်နှုန်းကျော်က မိမိတို့ကိုယ်မိမိတို့ မွန်လူမျိုးများဖြစ်သည်ဟု ဖော်ပြခဲ့ကြပြီး၊ (၉၆) ရာခိုင်နှုန်းက ဗုဒ္ဓဘာသာအဖြစ်ဖော်ပြခဲ့ကြသည်။



ကိုးကွယ်သည့်ဘာသာအုပ်စုအလိုက်ဖော်ပြခြင်း



ဒုက္ခသည်များ၏လူမျိုးစုရာခိုင်နှုန်း

# အပိုင်း (၃)
# မွန်ဒုက္ခသည်စခန်းအတွင်းရှိပညာရေးအခြေအနေ

## ၁။ အသက်အရွယ်နှင့် လိင်အရ ပညာတတ်မြောက်မှုအခြေအနေ

ပညာတတ်မြောက်မှုအနေအထားနိမ့်နေပါသည်။ စာမတတ်သောသူမှာ အမျိုးသမီးများသည် အမျိုးသားများထက် ပို များပါသည်။




## ၂။ ပညာရေးအခွင့်

အသက် (၁၅) နှစ်မှအထက် မွန်ဒုက္ခသည်များ၏ (၅၀) ရာခိုင်နှုန်းကျော်မှာ လုံးဝကျောင်းနေဖူးခြင်း မရှိပေ။ စခန်းအတွင်းရှိကျောင်းများမှာ ထိုမွန်ဒုက္ခသည် လူထုများကိုယ်တိုင် လည်ပတ်ဆောင်ရွက်နေခြင်းဖြစ်ပြီး၊ မူလတန်းကျောင်းအချို့ အလယ်တန်း နှင့် အထက်တန်းကျောင်း (၁) ကျောင်းရှိသည်။ ကျောင်းပညာမသင်ကြားမနေရ စနစ်မရှိပဲ၊ စခန်းအတွင်းရှိ ကျောင်းနေသောအရွယ်ရှိကလေးများ၏ (၃၀) ရာခိုင်နှုန်းမှ (၅၀) ရာခိုင်နှုန်းမှာ ကျောင်းတက်နိုင်ခြင်း မရှိကြပါ။




ကလေးများ ကျောင်းတက်ရောက်မှုနှုန်းနည်းသော်လည်း၊ အင်တာဗျူးမေးခွန်းများ မေးခွင့်ရခဲ့သောမိဘများမှ ကလေးများ၏ပညာရေးကို အားပေးကြောင်း အထူးအလေးပေးဖော်ပြခဲ့ကြသည်။ မေးခွန်းများမေးမြန်းခဲ့ကြသူ အများစုမှာ ယခင်က လယ်ယာလုပ်ငန်းဖြင့် အသက်မွေးခဲ့ကြသူများဖြစ်ပြီး၊ သူတို့၏သားသမီးများကို လယ်သမားပြန်ဖြစ်ရန် မလိုလားကြောင်း ပြောဆိုခဲ့ကြသည်။

ကျောင်းနေသောအရွယ် ကလေးများ၏ ကျောင်းတက်ရောက်မှု အခြေအနေ

| မွန်ဒုက္ခသည်စခန်းအတွင်း နေထိုင်သော လ အရေအတွက် | ကလေး ဦးရေ | | | စုစုပေါင်း | ကျောင်းတက်သော ကလေး ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | ၅–၉ နှစ် | ၁၀–၁၄ နှစ် | ၁၅–၂၀ နှစ် | | |
| ၁၂ လ အောက် | ၁၀ | ၃၈ | ၃၀ | ၇၈ ဦး | ၂၅% |
| ၁၂–၂၃လ | ၄၃ | ၆၃ | ၁၇ | ၁၂၃ ဦး | ၄၀% |
| ၂၄–၃၅လ | ၅၈ | ၇၈ | ၃၃ | ၁၆၉ ဦး | ၅၉% |
| ၃၆–၄၇လ | ၆၇ | ၇၇ | ၄၀ | ၁၈၄ ဦး | ၇၃% |
| ၄၈–၅၉လ | ၄၃ | ၇၉ | ၂၇ | ၁၄၉ ဦး | ၅၃% |
| ၆၀–၇၁လ | ၇၂ | ၈၂ | ၅၉ | ၂၁၃ ဦး | ၇၃% |
| ၇၂လ | – | – | – | – | – |

## အခန်း (၄)
## ပညာရေးဆိုင်ရာအရင်းအမြစ်များ

**ကျောင်းဆရာများ**

ဒုက္ခသည်စခန်းများအတွင်းရှိ ကျောင်းများတွင်စေတနာ့ဝန်ထမ်းဆရာများအဖြစ် ဆောင်ရွက်ရန် လူစုဆောင်းရန် ခက်ခဲသည်။ ထို့အတွက်ကြောင့် စာသင်ခန်းများတွင် ကလေးအရေအတွက်များပြားနေပြီး၊ အထူးသဖြင့် အတန်းငယ် များတွင် ကျောင်းသားအများအပြားသည် စာသင်ခန်းတခုတည်းတွင် ပညာသင်ကြားနေရသည်။ ဆရာအများစုမှာ လိုအပ်သော အရည်အချင်းတွင် အားနည်းလျှက်ရှိပါသည်။

**အခြားအထောက်အကူ ပစ္စည်းများ**

ဒုက္ခသည်စခန်းအတွင်းရှိကျောင်းများမှာ ထိုစခန်းအတွင်းရှိအိမ်များဆောက်ထားသကဲ့သို့ပင် ဖြစ်သည်။ ဒေသတွင်းထွက်သောပစ္စည်းများနှင့် စခန်းတွင်းလုပ်အားကိုသုံး၍ ဆောက်ထားခြင်းသာဖြစ်သည်။ ကျောင်းအများစုတွင် အခင်းခင်းထားနိုင်ခြင်းမရှိပဲ မြေစိုက်သာ ဖြစ်သည်။ စာသင်ခန်းတခုနှင့်တခုကိုလည်း နံရံတဝက်သာ ကာရံထားနိုင်သည်။ ဆိုလိုသည်မှာ စာသင်ခန်း တခုနှင့်တခုအကြား အသံဆူညံမှုရှိနေနိုင်ခြင်းကို ဖော်ပြလိုခြင်း ဖြစ်သည်။

**သင်ကြားမှုဆိုင်ရာ ထောက်ကူပစ္စည်းများ**

မွန်လူမှုအသိုင်းအဝိုင်းမှနေ၍ မွန်ဘာသာရပ်ဖြင့် ကျောင်းသုံးဖတ်စာအုပ်များကို ရေးသားပြီး၊ ပုံနှိပ်ထုတ်ဝေထားသည်။ သို့သော်လည်း စာသင်ခန်းအများစုတွင် နာရီမရှိခြင်း၊ နံရံကပ်ပိုစတာများမရှိခြင်း၊ မြေပုံများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားများမရှိပေ။ ကျောင်းအများစုတွင် အခြေခံလိုအပ်ချက်များဖြစ်သော ဗလာစာအုပ်များ၊ စသဖြင့်ကို ထောက်ပံ့ပေးသည်။ ထိုင်းအစိုးရ၏ ခွင့်ပြုချက်ဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်း (အဲန်ဂျီအို) များက ထောက်ပံ့ ပေးခြင်းဖြစ်သည်။

**အနှစ်ချုပ်**

အထက်ဖော်ပြခဲ့သော လူမှုအဖွဲ့အစည်းဆိုင်ရာအချက်အလက်မှတ်တမ်းများကို ကြည့်ခြင်းအားဖြင့် မွန်ဒုက္ခသည် စခန်းအတွင်းနေထိုင်မှု အခြေအနေ၏ အထူးသဖြင့်ပညာရေးအခြေအနေကို သိသာနိုင်ပါသည်။ သို့သော်လည်း ဖော်ပြပါအချက်အလက်များမှတ်တမ်းတွင် မွန်ဒုက္ခသည်စခန်းအတွင်းရှိ လူမှုဘဝအခြေအနေအားလုံးကို ထည့်သွင်း ဖော်ပြထားနိုင်ခြင်းမရှိပါ။ လူများကွဲပြားနေထိုင်မှုအနေအထား နှင့် ပညာရေးကဏ္ဍနှင့်ပတ်သက်သော အချက်အလက်များကို ဖော်ပြထားပါသည်။

**လူမှုအဖွဲ့အစည်းဆိုင်ရာအချက်အလက်များ စစ်တမ်းကောက်ယူခြင်းအတွက် နမူနာမေးခွန်းလွှာ**

အောက်တွင်ဖော်ပြထားသည်မှာ လူမှုအဖွဲ့အစည်းဆိုင်ရာအချက်အလက်များ စစ်တမ်းကောက်ယူခြင်းအတွက် နမူနာမေးခွန်းလွှာဖြစ်ပါသည်။

အင်တာဗျူးမေးခွန်း အမှတ်..............................

နေ့စွဲ ..............................

စတင်မေးမြန်းချိန် ..............................

မေးမြန်း၍ပြီးဆုံးသောအချိန် ..............................

မေးခွန်းမေးမြန်းသူ၏ အမည် ..............................

*(အဖြေများကို ကွက်လပ်တွင်ရေးသား၍သော်လည်းကောင်း၊ ပေးထားသော ဘောင်အတွင်းမှတ်သား၍ သော်လည်းကောင်းဖော်ပြနိုင်ပါသည်။)*

**၁။ အသက်အရွယ်နှင့် လိင်**

သင်၏ အသက်အရွယ် မည်မျှရှိပြီနည်း။..........................

လိင်။ ကျား ☐ မ ☐

**၂။ မိသားစုအမျိုးအစား**

သင်၏မိသားစုတွင် လူဦးရေမည်မျှအတူတကွ နေထိုင်ကြသနည်း။..........................

- ☐ အိမ်ထောင်ဦးစီး ရှိ–မရှိ
- ☐ အိမ်ထောင်ဦးစီး၏ ဇနီး ရှိ– မရှိ
- ☐ အိမ်ထောင်ဦးစီး၏ အိမ်ထောင်မကျသေးသော ကလေးများ ရှိ–မရှိ
- ☐ အိမ်ထောင်ဦးစီး၏ အိမ်ထောင်ကျပြီးသော ကလေးများ ရှိ–မရှိ
- ☐ အိမ်ထောင်ဦးစီးနှင့် ဇနီး၏ ဆွေးမျိုးသားချင်းများအတူနေခြင်း ရှိ–မရှိ
- ☐ အိမ်ထောင်ဦးစီးနှင့် ဇနီး၏ ဆွေးမျိုးသားချင်းမတော်စပ်သူများအတူနေခြင်း ရှိ–မရှိ

**၃။ ဒုက္ခသည်စခန်းအတွင်း နေထိုင်သောကာလ**

ဒုက္ခသည်စခန်းအတွင်း နေထိုင်သောကာလ မည်မျှကြာပြီနည်း။..........................

၄။ လူမျိုးနှင့် ဘာသာကိုးကွယ်မှု

သင်၏ တိုင်းရင်းသားလူမျိုးစုကို ဖော်ပြပါ။..........................

| | |
|---|---|
| ☐ မွန် | ☐ ရှမ်း |
| ☐ ကရင် | ☐ ရခိုင် |
| ☐ ကရင်နီ | ☐ ကချင် |
| ☐ ထားဝယ် | ☐ အခြား (တိကျစွာဖော်ပြရန်)........................ |
| ☐ ဗမာ | |

မည်သည့်ဘာသာ ကိုးကွယ်သနည်း။

- ☐ ဗုဒ္ဓဘာသာ
- ☐ နတ်ကိုးကွယ်မှု
- ☐ မူဆလင်
- ☐ ကက်သလစ်
- ☐ ပရိုတက်စတင့်
- ☐ အခြား (တိကျစွာဖော်ပြရန်)........................
- ☐ ဘာသာကိုးကွယ်မှု မရှိ

**၅။ မွေးရာဇာတိ**

မည်သည့် နေရာတွင် သင်မွေးဖွားခဲ့ သနည်း။

- ☐ မြို့တွင် မွေးခဲ့သည်။
- ☐ ကျေးရွာတွင် မွေးဖွားသည်။

မွေးဖွားရာဒေသအမည် မြို့/ ပြည်နယ်/တိုင်း.........................

**၆။ စီးပွါးရေးလုပ်ငန်းများ**

- ☐ ကျွမ်းကျင်မှုလုပ်ငန်းများနှင့် အုပ်ချုပ်ရေးတာဝန်များ
- ☐ နေ့စားအလုပ်သမား
- ☐ လယ်ယာစိုက်ပျိုးရေး
- ☐ ဥယျာဉ်ခြံစိုက်ပျိုးရေး
- ☐ အမဲလိုက်ခြင်းနှင့် ငါးဖမ်းခြင်း
- ☐ ကုန်သည်
- ☐ ကုန်ထုတ်လုပ်ငန်း
- ☐ ကျောင်းသား
- ☐ အိမ်လုပ်ငန်း
- ☐ အလုပ်မရှိ
- ☐ အမျိုးအမည်ဖော်ပြရန် မတတ်နိုင်သောလုပ်ငန်းများ

**၇။ အလုပ်အကိုင်** – ဒုက္ခသည်စခန်းသို့ မရောက်မီက အသက်မွေးဝမ်းကျောင်းသောအလုပ်အကိုင်

- ☐ ကျွမ်းကျင်မှုလုပ်ငန်းများနှင့် အုပ်ချုပ်ရေး
- ☐ ကုန်ရောင်းဝယ်၊ စက်ရုံလုပ်သား
- ☐ လယ်ယာစိုက်ပျိုးရေးနှင့် ငါးဖမ်းခြင်း
- ☐ စစ်သား
- ☐ ကျောင်းသား
- ☐ အိမ်အလုပ်
- ☐ အမျိုးအမည်ဖော်ပြရန် မတတ်နိုင်သောလုပ်ငန်းများ

**၈။ ဘာသာစကား –** အောက်ပါ ဘာသာစကားတမျိုးမျိုးကို သင်ရေးဖတ်တတ်ပါသလား။

- ☐ မြန်မာဘာသာ
- ☐ မွန်ဘာသာ
- ☐ ကရင်ဘာသာ
- ☐ အင်္ဂလိပ်စာ
- ☐ အခြား (တိကျစွာဖော်ပြရန်).........................

**၉။ ပညာရေးအခြေအနေ** – သင်ကျောင်းနေပြီးဆုံးခဲ့သောအမြင့်ဆုံးအတန်းကို ဖော်ပြပါ။

- ☐ ကျောင်းမနေခဲ့ရ
- ☐ မူလတန်းပညာရေး
- ☐ အလယ်တန်းပညာရေး
- ☐ အထက်တန်းနှင့်အထက်

အထက်ဖော်ပြခဲ့သော မေးခွန်းများမှာမွန်ဒုက္ခသည်စခန်းရှိလူထုများ၏ ပညာရေးအခြေအနေနှင့် တိုက်ရိုက်သက်ဆိုင်သောမေးခွန်းလွှာ ဖြစ်ပါသည်။ သင့်အနေဖြင့် ပြုစုသောမေးခွန်းလွှာ (questionnaire) သည် သင်သိလိုသော အချက်၊ရည်ရွယ်ချက်အပေါ် မူတည်ပြီး၊ သင်အချက်အလက်များရယူစုဆောင်းလိုသော လူမှုအဖွဲ့ အစည်းများနှင့် ဆီလျော်အောင် ပြင်ဆင်နိုင်ပါသည်။

ထို့အပြင် အလုပ်အကိုင်ရရှိမှု၊ အလုပ်လက်မဲ့ဖြစ်မှုနှင့် ပတ်သက်၍လည်း၊ မေးခွန်းများကို ထည့်သွင်းလိုက ထည့်သွင်းနိုင်ပါသည်။



## အလုပ်အကိုင်ရရှိမှု

သင့်အနေဖြင့်

- ☐ အလုပ်ရှိသည်။
- ☐ အလုပ်မရှိပါ။

## အလုပ်အကိုင်အမျိုးအစား

သင့်အနေဖြင့်
မည်ကဲ့သို့အလုပ်ရရှိသနည်း။

- ☐ အချိန်ပြည့်
- ☐ အချိန်ပိုင်း
- ☐ ပုံမှန်မရှိသော နေ့စားလုပ်သား
- ☐ ရာသီအလိုက်လုပ်ကိုင်ရသော အလုပ်

ထို့အပြင် သင့်အနေဖြင့် ထိုလူမှုအသိုင်းအဝိုင်းအတွင်းရှိ လူထုများ၏ ဝင်ငွေနှင့် ပတ်သက်၍လည်း မေးမြန်းလိုက မေးနိုင်ပါသည်။

## ဝင်ငွေ

သင့်အနေဖြင့် လုပ်ခမည်မျှရရှိသနည်း။

- ☐ လစဉ် (၅၀၀၀) ဘတ်အောက်၊
- ☐ (၅၀၀၀) ဘတ်နှင့် (၁၀၀၀၀) ဘတ်ကြား
- ☐ (၁၀၀၀၀) ဘတ်နှင့် (၁၅၀၀၀) ဘတ်ကြား
- ☐ လစဉ် (၁၅၀၀၀) ဘတ်နှင့်အထက်

ထို့အပြင် ထိုလူထုများ၏ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍သော်လည်းကောင်း၊ အပန်းဖြေအနားယူချိန်နှင့်ပတ်သက်၍သော်လည်းကောင်း မေးမြန်းလိုက မေးမြန်းနိုင်ပါသေးသည်။

**တတန်းလုံးဆွေးနွေးရန်**

လူမှုအဖွဲ့အစည်းအခြေအနေနှင့်ပတ်သက်ပြီး သင့်အနေဖြင့် မည်သည့်အခြေအနေ အကြောင်းအရာခေါင်းစဉ်များကို ထပ်မံဖြည့်စွက်မေးမြန်းရန် လိုအပ်ကြောင်းကိုသည်ကို ဆွေးနွေးတင်ပြပါ။

**သတင်းအချက်အလက်များစုဆောင်းခြင်း**

လူမှုအဖွဲ့အစည်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို စုဆောင်းရရှိနိုင်သော နည်းလမ်း အမျိုးမျိုး ရှိပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**တိုင်ပင် မေးမြန်းခြင်း**

အချက်အလက်စုဆောင်းရန် အထိရောက်ဆုံးနည်းများအနက် တခုမှာ လူများနှင့် ဆွေးနွေးပြောဆို၊ တိုင်ပင်ခြင်းဖြစ်ပါသည်။ သင်လိုအပ်သည့် အချက်အလက်များကို ဖြေကြားပေးနိုင်သူများနှင့် တွေ့ဆုံပြီး ကြိုတင်ပြင်ဆင်ထားသည့် မေးခွန်းများဖြင့် မေးမြန်းကာ အချက်အလက်များကို ရယူခြင်းဖြစ်ပါသည်။

လူမှုအဖွဲ့အစည်းတခုနှင့် ပတ်သက်သောသတင်းအချက်အလက်များရယူရန်အတွက် ပြင်ဆင်သောအခါ၊ အောက်ပါပုဂ္ဂိုလ်များနှင့် တိုင်ပင်မေးမြန်းအကြံရယူနိုင်ပါသည်။

- လူမှုအဖွဲ့အစည်းခေါင်းဆောင်နှင့် မန်နေဂျာများ (ထိုလူမှုအဖွဲ့အစည်း၏ နောက်ခံသမိုင်း၊ အရင်းအမြစ်များနှင့်လှုပ်ရှားမှုများကို မေးမြန်းသိရှိနိုင်ပါသည်။)
- လူမှုအဖွဲ့အစည်းဆိုင်ရာကောင်စီ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကောင်စီ (ထိုလူမှုအဖွဲ့အစည်း၏လှုပ်ရှားဆောင်ရွက်နေမှုများ)
- အသက်အရွယ်ကြီးရင့်သူများ (သမိုင်းနောက်ခံနှင့် ယဉ်ကျေးမှုဆိုင်ရာအချက်အလက်များ)
- လူမှုအဖွဲ့အစည်းဝင် ရွာသားများ (ယဉ်ကျေးမှုနှင့် ပတ်သက်၍)

ယေဘုယျအားဖြင့် ဤလူမှုအဖွဲ့အစည်းနှင့်ပတ်သက်၍ များစွာကျွမ်းဝင်သိရှိနေသောသူများနှင့် မေးမြန်းတိုင်ပင်နိုင်ပါသည်။

**ပြုစုထားနှင့်ပြီးသော မှတ်တမ်းများ**

ရေးသား၍မှတ်တမ်းတင်ထားသော မှတ်တမ်းများသည် သတင်းအချက်အလက် အများအပြား ရနိုင်သော အထောက်အထားများဖြစ်ပါသည်။ အထူးသဖြင့် ကိန်းဂဏာန်းများနှင့်ပတ်သက်၍ ဖြစ်ပါသည်။ ရုံဖန်ရံခါ ဆိုသလို ထိုလူမှုအဖွဲ့အစည်း၏ သက်ဆိုင်ရာ ရုံးခန်းများတွင် အောက်ပါမှတ်တမ်းများ သိမ်းဆည်းထားတတ်ပါသည်။

- ❖ အရင်းအမြစ်များ
- ❖ လူဦးရေဆိုင်ရာအချက်များ
- ❖ ရံပုံငွေဆိုင်ရာ အချက်အလက်များ
- ❖ ထူးခြားသောအဖြစ်အပျက်များ   စသည်တို့ဖြစ်သည်၊

**မေးခွန်းလွှာများဖြင့်မေးမြန်းခြင်း**

သင့်အနေဖြင့် မေးခွန်းလွှာတစောင်ကို ပြုစုတော့မည်ဆိုပါက၊ အောက်ပါအချက်အလက်များကို အမှတ်ရရန်လိုအပ်ပါသည်။

- မေးခွန်းလွှာကို တတ်နိုင်သမျှတိုအောင်ပြုလုပ်ရန်၊
- မေးခွန်းများကို တတ်နိုင်သမျှ ရိုးရှင်းလွယ်ကူစေရန်၊
- သင့်သိလိုသောအချက်နှင့် သက်ဆိုင်ရာမေးခွန်းကိုသာမေးပါ။
- ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စများ၊ အတွင်းရေးကိစ္စများကို မမေးပါနှင့်။
    - o ဥပမာ– "ဝင်ငွေဘယ်လောက်ရသလဲ" ဟုအတိအကျ မေးမည့်အစား "ဝင်ငွေအတိုင်းအတာ ဘယ်လောက်အတိုင်းအတာလောက်ရှိပါသလဲ" ဟု ခြုံငုံမေးမြန်းသင့်ပါသည်။

- ▪ မေးခွန်း နှစ်ခါထပ်မေးသလိုဖြစ်နေသည့်မျိုးကို ရှောင်ပါ။ တခါတရံ စာတကြောင်းတည်းတွင် မေးခွန်း ၂–ခု တပြိုင်နက်မေးမြန်း နေသည့်မျိုး ဖြစ်တတ်ပါသည်။
  - o ဥပမာ – တကယ်လို့ သင့်မှာအလုပ်ရှိတယ်ဆိုရင် ဘယ်လိုအလုပ်မျိုး ဖြစ်ပါလဲ။
- ▪ ရှုပ်ထွေးဖွယ်ရာမေးခွန်းများကို မမေးပါနှင့်။
  - o ဥပမာ – "အမြဲတမ်းနေတဲ့အခြေအနေအပေါ် မှာမူတည်ပြီး သင်ဘယ်မှာနေပါလဲ" ဟု မေးမည့် အစား " သင်ဘယ်မှာ အကြာဆုံးနေခဲ့ပါသလဲ" ဟု မေးသင့်ပါသည်။
- ▪ လူအများမဖြေနိုင်ဟု ယူဆသော မေးခွန်းများကို မမေးပါနှင့်။
  - o ဥပမာ – "ဒီလူမှုအဖွဲ့အစည်းမှာ တနှစ်ကို ဝင်ငွေဘယ်လောက်ရှိသလဲ" ဆိုသည့် မေးခွန်းသကဲ့သို့ သာမန် လူမှုအဖွဲ့ အစည်းဝင်တဦးအနေဖြင့် ဖြေနိုင်မည်မဟုတ်သည့် မေးခွန်းမျိုးဖြစ်ပါသည်။
- ▪ ဤမေးခွန်းများကို မေးခွန်းလွှာအဖြစ်မထုတ်မီ၊ အခြားတစုံတယောက်ကို မေးမြန်းကြည့်၍ မေးခွန်းများ ရှင်းလင်းလွယ်ကူမှု ရှိ–မရှိကို ပြန်လည်စစ်ဆေးပါ။
- ▪ စုဆောင်းထားသော ဤသတင်းအချက်အလက်များကိုမည်ကဲ့သို့အသုံးပြုမည်ကို မေးခွန်းလွှာဖြန့်ဝေမမေး မြန်းမီကတည်းက ကြိုတင်စဉ်းစားပြင်ဆင်ပါ။ (မလိုအပ်သောမေးခွန်းပိုများကို မမေးမိစေရန် ရှောင်ရှား နိုင်ပါသည်။)

**လေ့ကျင့်ရန်**

၁။ သင့်လူမှုအဖွဲ့အစည်းတွင် ရှိနေသော အစိုးရမဟုတ်သော အဖွဲ့အစည်း(အပြည်ပြည်ဆိုင်ရာ) NGOs နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း(ဌာနေ) CBOs တို့ ၏ အမည်၊ ဆက်သွယ်ရမည့် တာဝန်ခံအမည် နှင့် ဆက်သွယ် ရန် လိပ်စာတို့ ကို စာရင်းပြုစုပါ။

၂။ အဘယ့်ကြောင့် မေးခွန်းများကို အလွယ်ကူဆုံးဖြစ်အောင်စီစဉ်ထားရပါသနည်း။

၃။ လူမှုအဖွဲ့အစည်းဆိုင်ရာ အချက်အလက်များကို ရရှိနိုင်သည့် နည်းလမ်းလေးသွယ်ကိုဖေါ်ပြပါ။

## သတင်းအချက်အလက်များကို အသုံးပြုခြင်း။

သင့်အနေဖြင့် သတင်းအချက်အလက် (၂) မျိုးကို စုဆောင်းရယူပါလိမ့်မည်။ ၎င်းတို့မှာ–

- နောက်ခံဆိုင်ရာ အချက်အလက်များ
- ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များ

## နောက်ခံဆိုင်ရာ အချက်အလက်များ

နောက်ခံဆိုင်ရာအချက်အလက်များဆိုသည်မှာ ဆက်နွယ်နေသော သမိုင်းရေးဆိုင်ရာအချက်များ၊ ဒေသယဉ် ကျေးမှု ဆိုင်ရာအချက်များ၊ အဖြစ်အပျက်များ၊ စသဖြင့် သက်ဆိုင်ပါသည်။ ကိန်းဂဏန်းဆိုင်ရာအချက်အလက်များ ဆိုသည်မှာ လူဦးရေ၊အထက်တန်းပညာရေး အထိသင်ကြားဖူးသောလူဦးရေ၊ အလုပ်လက်မဲ့လူဦးရေ၊ အလုပ်အကိုင် ရှိသော လူဦးရေ စသဖြင့်ဖြစ်ပါသည်။

## ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များ

ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များကို သင်စုဆောင်းသည်ဆိုပါက ၎င်းအချက် အလက်များကိုရရှိပြီး သောအခါ ပြန်လည်သုံးသပ်စီစစ်ရန် လိုအပ်ပါသည်။ တနည်းဆိုရသော် ဤအချက်အလက်များက မည်သည့် အခြေ

အနေကို ဖော်ပြနေခြင်းဖြစ်ကြောင်း စာဖြင့် ရှင်းလင်းဘာသာပြန်ရန် ဖြစ်ပါသည်။ ယင်းကို အောက်ပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။

၁။ သင်ရရှိထားသော ကိန်းဂဏန်းအချက်များကို အစဉ်အလိုက်ထည့်သွင်းရေးသားပါ။ ဥပမာအားဖြင့်–

- လူဦးရေဆိုင်ရာ ကိန်းဂဏန်းများ
- အသက်အရွယ်အလိုက် ခွဲခြားမှုများ
- အလုပ်အကိုင်အလိုက် ခွဲခြားမှုများ စသဖြင့် ဖြစ်ပါသည်။

၂။ သင်၏ ကိန်းဂဏန်းများကို ဇယား(Table) အတွင်း ရေးသွင်းပါ။ ဥပမာအားဖြင့်–

| အသက် | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၀–၉ | ၉ | ၆ | ၁၅ |
| ၁၀–၁၉ | ၉ | ၅ | ၁၄ |
| ၂၀–၂၉ | ၉ | ၆ | ၁၅ |
| ၃၀–၃၉ | ၆ | ၅ | ၁၁ |
| ၄၀–၄၉ | ၇ | ၆ | ၁၃ |
| ၅၀–၅၉ | ၄ | ၅ | ၉ |
| ၆၀ အထက် | ၁၀ | ၇ | ၁၇ |
| စုစုပေါင်း | ၅၄ | ၄၀ | ၉၄ |

၃။ ဤအချက်အလက်များကို တခါတရံတွင် ဂရပ်ပုံဖြင့် ပြသနိုင်ပါသည်။ အချက်အလက်များကို ကော်လံအလိုက် ဖော်ပြသောဂရပ် (Column Graph)ဖြင့် ပြန်ဖော်ပြခြင်းဖြစ်ပါသည်။

**အသက်အရွယ်အလိုက် ပြန့်နှံ့တည်ရှိနေသောလူဦးရေ**




၄။အချို့သောကိန်းဂဏန်း စာရင်းအင်းများမှာ ရာခိုင်နှုန်းအဖြစ်ပြောင်းယူနိုင်ပြီး၊ မတူကွဲပြားသော အသက်အရွယ် အလိုက် အုပ်စုများနှင့် ပတ်သက်သောသတင်းအချက်အလက်များကို နှိုင်းယှဉ်နိုင်သည်။

၅။ သင့်အနေဖြင့် ရာခိုင်နှုန်းဖြစ်အောင်ပြောင်းယူပြီးသောအခါ၊ သင်၏ဇယားအတွင်း ဖြည့်သွင်းနိုင်သည်။ ထို့အပြင် ၎င်းရာခိုင်နှုန်းများ ကို ဂရပ်ပုံဖြင့်လည်းပြနိုင်သည်။

အောက်ပါ ဥပမာမေးခွန်းကို ကြည့်ပါ။ ယင်းမေးခွန်းများကို မေးခွန်းလွှာတွင်ထည့်သွင်းမေးမြန်းနိုင်သည်။

**အလုပ်အကိုင်အမျိုးအစား**

သင့် အနေဖြင့်မည့်သည့်အလုပ်မျိုးရရှိ သနည်း။

- ☐ အချိန်ပြည့်
- ☐ အချိန်ပိုင်း
- ☐ ပုံမှန်မရှိသော နေ့စားလုပ်သား
- ☐ ရာသီအလိုက်လုပ်ကိုင်ရသော အလုပ်

စုစုပေါင်းမေးမြန်းခဲ့သူ (၇၀) ဦးအနက် အောက်ပါအတိုင်းရလဒ် ရရှိပါသည်။

| | |
|---|---|
| ☐ အချိန်ပြည့် အလုပ်လုပ်သူ | ၂၀ ဦး (၂၉ ရာခိုင်နှုန်း) |
| ☐ အချိန်ပိုင်း အလုပ်လုပ်သူ | ၃၇ ဦး (၅၃ ရာခိုင်နှုန်း) |
| ☐ ပုံမှန်မရှိသောနေ့စား အလုပ်လုပ်သူ | ၁၀ ဦး (၁၄ ရာခိုင်နှုန်း) |
| ☐ ရာသီအလိုက်လုပ်ကိုင်ရသော အလုပ်လုပ်သူ | ၃ ဦး (၄ ရာခိုင်နှုန်း) |

အထက်ဖော်ပြပါအချက်အလက်များအရ၊ ထိုလူမှုအသိုင်းအဝိုင်းအတွင်းရှိ လူ (၂၀) ဦးမှာ အချိန်ပြည့် အလုပ်လုပ်ကိုင်နိုင် ခြင်းရှိပါသည်။ ထိုလူမှုအသိုင်းအဝိုင်းတွင် စုစုပေါင်း လူဦးရေ (၇၀) ဦးရှိပါသည်။ ထိုအတွက်ကြောင့် ရာခိုင်နှုန်း (%) ကိုတွက်ချက်ပါက၊သင့်အနေဖြင့် လူ (၂၀) ဦးကို လူ (၇၀) ဦးဖြင့်စားပြီး (၁၀၀) ဖြင့်မြှောက်ခြင်းဖြင့် တွက်ထုတ်နိုင်ပါသည်။

၂၀ ÷ ၇၀ × ၁၀၀ = ၂၈ %

**လူမှုအသိုင်းအဝိုင်းအတွင်း အလုပ်အကိုင်ရရှိမှု**




၆။ သင်ရရှိထားသော ဇယားနှင့် ဂရပ်များမှ သုံးသပ်နိဂုံးချုပ်သုံးသပ်ချက်ပြုလုပ်ပါ။

ဥပမာအားဖြင့်– ထိုလူမှုအသိုင်းအဝိုင်းအနေဖြင့် အချိန်ပြည့်အလုပ်လုပ်ကိုင်သူ (၃၄) ရာခိုင်နှုန်းရှိပြီး၊ (၆၆) ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များ ဖြစ်နေကြပါသည်။ ထိုသူများမှာ နေ့စားအလုပ်သမားအဖြစ်ရော၊ ရာသီအလိုက် လုပ်ကိုင်သူအလုပ်သမားများအဖြစ်ပါ အလုပ်လုပ်ကိုင်နိုင်ခြင်း မရှိကြပါ။

ထိုလူမှုအသိုင်းအဝိုင်းအတွင်းရှိ လူ (၁၀) ဦးအနက် လူ (၇) ဦးမှာ အလုပ်လက်မဲ့ဖြစ်နေသောကြောင့်၊ ထိုကြောင့် လူမှုအသိုင်းအဝိုင်းအတွင်းတွင် အလုပ်အကိုင်ရရှိရန်ဖန်တီးပေးမှု အရေးတကြီးလိုအပ်နေကြောင်း ကောက်ချက်ချနိုင်ပါသည်။ စနစ်တကျ ပြင်ဆင်မေးမြန်းပြုစုထားသော လူမှုအသိုင်းအဝိုင်းတခု၏ သတင်းအချက်

အလက်များအရ၊ ထိုလူမှုအသိုင်းအဝိုင်း၏ အစစ်အမှန်အခြေအနေကို ထင်ဟပ်နိုင်ပါသည်။ သင်လေ့လာ တွေ့ရှိခဲ့သည့်အတိုင်း၊ လူမှုအဖွဲ့အစည်းဆိုင်ရာ အချက်အလက်များအရ ထိုလူမှုအဖွဲ့အစည်းအတွင်းရှိ လုပ်ငန်းအစီအစဉ်များ၊ ဝန်ဆောင်မှုများကို တိုးတက်အောင် ပြုပြင်စေနိုင်ပါသည်။

ဤအချက်အလက်များကို အခြေခံ၍ရံပုံငွေတောင်းခံနိုင်ရန် တင်ပြလွှာတွင်လည်းကောင်း၊ ထည့်သွင်းအသုံးပြုနိုင်ပါသည်။

**အနှစ်ချုပ်**

ဤခေါင်းစဉ်အောက်တွင် မိမိတို့အနေဖြင့် လူမှုအဖွဲ့အစည်းများ၏သတင်းအချက်အလက်များကိုသာ အလေးပေး လေ့လာခဲ့ပါသည်။ သင့်အနေဖြင့် သင်နေထိုင်သောလူမှုအသိုင်းအဝိုင်းအတွက်၊ သတင်းအချက်အလက်များ မှတ်တမ်းကို မည်သို့ပြုစုမည်ဆိုသည်ကို စဉ်းစား ကြည့်နိုင်ပါသည်။ ထို့အပြင် ယခုဖော်ပြထားသောမေးခွန်းလွှာနမူနာသည်၊ သင်အသုံးပြုရန်အတွက် တခုတည်းသော နမူနာမဟုတ်ပါ။ လူမှုအဖွဲ့ ့အစည်းဆိုင်ရာ သတင်းအချက်အလက်များသည်၊ ထိုလူမှုအဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်သော ပစ္စည်းကရိယာတမျိုး ဖြစ်ပါသည်။ ထိုလူမှု အဖွဲ့ ့အစည်း၏ အခြေအနေမှန်ကို သိစေပြီး၊ ရံပုံငွေတင်ပြတောင်းခံလွှာကို ထောက်ခံပေးရန် အတွက်သော်လည်းကောင်း၊ အခြေအနေကို လူအများပိုမိုနားလည်စေရန်အတွက်သော်လည်းကောင်း ပံ့ပိုးပေးပါသည်။

**လေ့ကျင့်ရန်**

၁။ 'လူမှုအဖွဲ့အစည်း ၏နောက်ခံအခြေအနေ'နှင့် 'လူမှုအဖွဲ့အစည်း ၏အချက်အလက်များ'တို့သည် မည်သို့ခြားနားပါသနည်း။ ဥပမာ တစ်ခုပေးပြီးရှင်းလင်းတင်ပြပါ။

၂။ မေးခွန်းနှစ်ခု တပြိုင်နက်မေးသကဲ့သို့ဖြစ်စေနိုင်သော မေးခွန်းဥပမာသုံးခုကို ရေးပါ။

၃။ အောက်ပါဇယားမှ အချက်အလက်များကို ပေးထားသောဥပမာဂရပ်ပုံတွင် လိုအပ်သလို ပြန်လည်ပြည့်စုံစွာ ဖြည့်စွက် ရေးဆွဲပါ။

| အသက် | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| 0 - 9 | 6 | 5 | 11 |
| 10 - 19 | 7 | 5 | 12 |
| 20 - 29 | 11 | 10 | 21 |
| 30 - 39 | 8 | 7 | 15 |
| 40 - 49 | 6 | 6 | 12 |
| 50 - 59 | 4 | 5 | 9 |
| 60 + | 2 | 2 | 4 |
| စုစုပေါင်း | **44** | **40** | **84** |



၄။ပေးထားသော ဇယားမှာအချက်အလက်များကို ပြန်လည်တွက်ချက်ပြီး ဂရပ်တွင် ပြည့်စုံစွာရေးဆွဲတင်ပြပါ။

| တက်ရောက်သင်ကြားခဲ့သည့်အတန်း | အရေအတွက် | ရာခိုင်နှုန်း % |
|---|---|---|
| သူငယ်တန်းနှင့်အောက် | 9 | **e.g.** 9 ÷ 70 x 100 = 12.86% |
| လေးတန်း | 14 | |
| ခြောက်တန်း | 12 | |
| ကိုးတန်း | 7 | |
| ဆယ်တန်း | 3 | |
| ကျောင်းဆရာသင်တန်း | 12 | |
| အသက်မွေးဝမ်းကြောင်းနှင့်အခြားသင်တန်းများ | 6 | |
| ကျန်းမာရေးလုပ်သားသင်တန်း | 4 | |
| တက္ကသိုလ် | 3 | |
| **စုစုပေါင်း** | **70** | **100** |

၅။ အထက်ပါပေးထားသောဇယားရှိကိန်းဂဏန်းများအရ ထို လူမှုအဖွဲ့အစည်း၏ ပညာရေးအခြေအနေအပေါ် မိမိ၏သုံးသပ်ချက်အား စကားပြေဖြင့် ပြန်လည်ရေးသားတင်ပြပေးပါ။

**တတန်းလုံးဆွေးနွေးရန်**

ခေါင်းရွက်ဗျပ်ထိုးဈေးသည်များမှအစ ဈေးဆိုင်များဖြင့်ဈေးရောင်းနေသူများ လူမှုအဖွဲ့အစည်းအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေသူများဟု သင်ယူဆပါသလား။ သင့်ယူဆချက်ကို ဆွေးနွေးတင်ပြပါ။

## လူမှု အဖွဲ့အစည်းအချက်အလက်များ မှတ်တမ်း တခုပြုစုရာ၌ စီစစ်ရမည့် စာရင်း

လူမှုအဖွဲ့အစည်းအချက်အလက်မှတ်တမ်း တခုပြုစုရာတွင် ဤလုပ်ငန်းစာရင်းများအား လမ်းညွှန် တရပ်သဖွယ် အသုံးပြုနိုင်ပါသည်။

### စီမံချက်ချခြင်း

- ✓ လူမှုအဖွဲ့ အစည်းဝင်များ /ကျောင်းသားများထံသို့ လူမှုအဖွဲ့အစည်းဖြစ်စဉ်အကျဉ်း တခုပြုစုလို ကြောင်း၊ အဘယ့်ကြောင့်ပြုလုပ်ရခြင်း ဖြစ်ကြောင်းနှင့် ယင်းတို့၏ခွင့်ပြုချက်ရယူရန် အကြောင်းကြားပါ။ ☐
- ✓ သတင်းအချက်အလက်များ သင်မည်သို့ စုစည်းရယူမည်ကို ဆုံးဖြတ်ပါ။ ☐

### လူဦးရေဆိုင်ရာ အချက်အလက်များနှင့် မေးခွန်းစဉ်များ

- ✓ လူဦးရေဆိုင်ရာအချက်အလက်များ ရယူရန် လူမှုအဖွဲ့အစည်းဖြစ်စဉ်အကျဉ်း မေးခွန်းများ ပြုစုပါ။ ☐
- ✓ သင့်မေးခွန်းများသည် တိုတိုရှင်းရှင်းဖြစ်စေပါ။ ☐

- ✓ တကြိမ်လျှင် မေးခွန်းတခုသာမေးမြန်းပါ။ ☐
- ✓ သင့်မေးခွန်းများသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့်သာ သက်ဆိုင်စေပါ။ ☐
- ✓ မေးခွန်းများ၏ အဓိပ္ပါယ် ရှင်းလင်းမှုရှိမရှိ သိနိုင်ရန် တစုံတဦးအား မေးခွန်းထုတ်၍ စစ်ဆေးကြည့်ပါ။ ☐
- ✓ မေးခွန်းစဉ်များ အသုံးပြု၍ လူတွေ့မေးမြန်းခြင်းကို ပြုလုပ်ပါ။ ☐
- ✓ သင့်မေးခွန်းစဉ်များမှရရှိသည့် ကိန်းဂဏန်းအရေအတွက်များအား ဇယားများ၊ ဂရပ်ပုံများအဖြစ် ပြုစုပါ။ ☐
- ✓ သင့်စာရင်းဇယားများအားလုံးကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ပါ။ ☐

**သမိုင်းဆိုင်ရာ နောက်ခံအချက်အလက်**

- ✓ လူမှုအဖွဲ့အစည်း (သို့) အုပ်စုသမိုင်းနှင့်စပ်ဆိုင်သည့် မေးခွန်းတစုံအား ပြုစုပါ။ ☐
- ✓ လူမှုအဖွဲ့အစည်း(သို့) အုပ်စု သမိုင်းနှင့် စပ်လျဉ်း၍ အချက်အလက်များ စုစည်းရန် လူမှုအဖွဲ့အစည်းဝင် တဦးဦး၏ အကြံဉာဏ်ကို ရယူပါ။ ☐

**ယဉ်ကျေးမှုဆိုင်ရာ အဖြစ်အပျက်များ**

- ✓ ယဉ်ကျေးမှုဆိုင်ရာကိစ္စများနှင့်ပတ်သက်သည့် မေးခွန်းတစုံပြုစုပါ။ ☐
- ✓ ယဉ်ကျေးမှုဆိုင်ရာအုပ်စုများ၊ အခန်းအနားဆိုင်ရာလုပ်ငန်းတာဝန်များ – စသည်တို့နှင့်စပ်လျဉ်း၍ လူမှုအဖွဲ့အစည်း /အုပ်စုဝင်များတို့၏ အကြံဉာဏ်ကို ရယူပါ။ ☐

**အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ**

- ✓ ရင်းမြစ်ပစ္စည်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များ စုစည်းရန် လူမှုအဖွဲ့အစည်းနှင့် ယင်းလူမှုအဖွဲ့ အစည်း ၏မှတ်တမ်းများအား လေ့လာပါ။ ☐
- ✓ သင့်လူမှုအဖွဲ့အစည်းအတွင်း၊ သင့်အုပ်စုအတွက် ဝန်ဆောင်မှုလုပ်ငန်းပံ့ပိုးပေးသည့် အဖွဲ့အစည်းများ ၏ စာရင်းအား ပြုစု ပါ။ ☐

**အစီအစဉ်များ**

- ✓ သင့်လူမှုအဖွဲ့အစည်းအတွင်း လုပ်ငန်းဆောင်ရွက်သော (သို့) သင့်အုပ်စုက အသုံးပြုသော အစီအစဉ်များ ၏စာရင်းတစောင်အား ပြုစုပါ။ ☐

**အစီရင်ခံစာ**

- ✓ သင့်လူမှုအဖွဲ့အစည်းဖြစ်စဉ်အကျဉ်းကို ရေးသားပါ။ ☐
- ✓ နိဒါန်းတခု ထည့်သွင်းပေးပါ။ ☐
- ✓ လူမှုအဖွဲ့အစည်းဖြစ်စဉ်အကျဉ်းအား မည်သို့ပြုစုကြောင်း အကျဉ်းချုပ်မှတ်ချက်ထည့်သွင်းရေးသားပါ။ ☐
- ✓ သင့်အား ကူညီသူတိုင်းကို ကျေးဇူးတင်ကြောင်းနှင့် အသိအမှတ်ပြုကြောင်း ရေးသားပါ။ ☐
- ✓ နိဂုံးချုပ်ကောက်ချက်တရပ်ထည့်သွင်းဖော်ပြပေးပါ။ ☐
- ✓ အမှားများနှင့် ယင်းတို့ကို ပြင်ဆင်ပြီးစီးမှု ရှိ/မရှိ သင့်အစီရင်ခံစာအား စစ်ဆေးပါ။ ☐

# အခန်း ( ၂ )
# လိုအပ်ချက်များကို အကဲဖြတ်ခြင်း
# (**Need Assessment**)

သင်ခန်းစာ ဦးတည်ချက်များ

- လူတို့၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများအကြားရှိ ခြားနားချက်ကို ဆွေးနွေးနိုင်ရန်။
- ပုဂ္ဂလိကနှင့် မိသားစု၏ လိုအပ်ချက်များအား ခွဲခြားသိမြင်နိုင်ပြီး စာရင်းပြုစုနိုင်ရန်။
- ပုဂ္ဂလိကနှင့် မိသားစုများ ကြုံတွေ့လာနိုင်သည့် လိုအပ်ချက်များနှင့် ဝန်ဆောင်မှု လုပ်ငန်း ပံ့ပိုးသူတို့ ကြုံတွေ့လာရမည့် လိုအပ်ချက်များအား ခွဲခြားသတ်မှတ်လာနိုင်ရန်။
- နယ်မြေလူမှုအဖွဲ့အစည်းတခုအတွင်း ဝန်ဆောင်မှု လိုအပ်ချက်များအား အကဲဖြတ်စီစစ်မှုအတွက် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်အကြောင်းကို ရှင်းလင်းဖော်ပြနိုင်ရန်။
- လိုအပ်ချက်များအကဲဖြတ်ဆောင်ရွက်မှုသည် ပြည့်ဝခြင်းမရှိသည့် လိုအပ်ချက်များအား ခွဲခြားသတ်မှတ်ရာတွင် မည်သို့အထောက်အကူဖြစ်စေသည်ကို ရှင်းလင်းဖော်ပြ နိုင်ရန်။
- လိုအပ်ချက်များအကဲဖြတ်စိစစ်ခြင်းအချက်အလက်ကို ဝန်ဆောင်မှုလုပ်ငန်း နှင့် ရန်ပုံငွေရရှိရန်တင်ပြခြင်းတို့အတွက် မည်သို့ အသုံးချနိုင်ကြောင်း ရှင်းလင်းတင်ပြနိုင်ရန်။
- လူမှုအဖွဲ့အစည်းတခု၏ လိုအပ်ချက်များအား လက်တွေ့သရုပ်ဖော် တင်ပြနိုင်ရန်။

# အခန်း ( ၂ )
# လိုအပ်ချက်များကို အကဲဖြတ်ခြင်း
# (Need Assessment)

**အသိ ၊ အချေ ဖြင့် ဆွေးနွေးဖလှယ်ခြင်း**

*မိမိအနေဖြင့် လက်ရှိနေထိုင်ရာဤလူမှုအဖွဲ့အစည်းတွင် အရေးကြီးဆုံးနှင့်အလိုအပ်ဆုံးအချက်ကို အဆိုတင်သွင်းပါ။ အဘယ့်ကြောင့် အရေးကြီးကြောင်းကိုတင်ပြပါ။ နောက်တစ်ဦးမှ ယခင်တင်ပြသည့် အရေးကြီးသည့်အချက်ကို သဘောမတူကြောင်းနှင့် အဘယ့်ကြောင့်သဘောမတူရခြင်းကိုချေပဆွေးနွေးပါ။ မိမိအနေဖြင့် အခြားအရေးကြီးသောအချက်တစ်ခုဟုယူဆချက်ကို ထပ်မံအဆိုတင်သွင်းပါ။အဘယ့်ကြောင့်အရေးကြီးရကြောင်းကို တင်ပြပါ။ တစ်ဦးလျှင်တစ်မိနစ်ဖြင့် ဆရာ မှ စတင်ပြီး အတန်းသားတစ်ဦးပြီးတဦး ပြီးကုန်သွားသည် အထိ ဆွေးနွေး ဖလှယ် ပါ။*

## နိဒါန်း

လူမှုအဖွဲ့အစည်းဆိုင်ရာသတင်းအချက်အလက်များနှင့် လိုအပ်ချက်များကို အကဲဖြတ်ခြင်းသင်ခန်းစာ၏ ခေါင်းစဉ် (၂) ကို ဆက်လက် လေ့လာမည် ဖြစ်ပါသည်။ ဤခေါင်းစဉ် အောက်တွင် လိုအပ်ချက်များကို မည်သို့ အကဲဖြတ် မည်နည်းဆိုသောအချက်နှင့် ထိုလူမှုအဖွဲ့အစည်းအတွက် လိုအပ်ချက်များကို မည်သို့မည်ပုံ ဖြည့်ဆီးနိုင်သည်ဆိုသည်ကို လေ့လာသွား မည် ဖြစ်ပါသည်။ ဤသို့လေ့လာရာတွင်–

✯ အမှန်တကယ်လိုအပ်ချက်နှင့် လိုချင်မှုအကြား မည်သို့မည်ပုံကွာခြားသည်ကို လေ့လာခြင်း။

✯ အခြေခံလိုအပ်ချက်များကို စာရင်းရေးသားခြင်း။

✯ လူများ၏ လိုအပ်ချက်ပြောင်းလဲနေတတ်သော သဘောကို လေ့လာခြင်း။

✯ လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ခြင်း။

✯ ဤသို့လိုအပ်ချက်များအား မည်သို့ဖြည့်ဆီးပေးနိုင်မည်ကိုရှာဖွေခြင်း။ စသည်တို့ကိုလေ့လာသွားမည် ဖြစ်ပါသည်။

လိုအပ်ချက်များကို အကဲဖြတ်ခြင်း (Need assessment) ပြုလုပ်ခြင်းဖြင့် ထိုလူမှုအဖွဲ့အစည်းအတွက် မည်သို့သော ဝန်ဆောင်မှု လုပ်ငန်းများက အကျိုးရှိစေသည်ကို သိရှိနိုင်စေရန်အတွက် အထောက်အကူဖြစ်စေပါသည်။ ထို့အပြင် ထိုလူမှုအဖွဲ့အစည်းကို ပို၍နေပျော် အောင် ဖန်တီးပေးပါသည်။အမှန်တကယ် လိုအပ်ချက် (Need) နှင့် လိုချင်မှု (Wants) အကြားတွင် များစွာရှုပ်ထွေးစရာ အကြောင်း ရှိပါသည်။ လိုအပ်ချက်များကို အကဲဖြတ်နည်းသည် ထိုလူမှုအဖွဲ့အစည်း၏ အမှန်တကယ်လိုအပ်ချက်များကို ရှင်းလင်းစွာ ရှာဖွေသတ်မှတ်စေနိုင်ရန်အတွက် အထောက်အကူပြုပါသည်။

ဆက်လက်၍မလေ့လာမီသင့်အနေဖြင့် လိုအပ်ချက်များကို အကဲဖြတ်ခြင်း (Need assessment) ဆိုသည်ကို ရှင်းလင်း စွာသဘော ပေါက်ထားရန်လိုအပ်ပါသည်။

လိုအပ်ချက်များကို အကဲဖြတ်ခြင်း (Need assessment) ဆိုသည်မှာ၊ လူမှုအဖွဲ့အစည်းတခု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် ဆောင်ရွက်ရန်အတွက် နည်းလမ်းကရိယာတခုဖြစ်ပါသည်။ ဤအချက်များကို မေးခွန်းလွှာများဖြင့် မေးမြန်း စစ်တမ်းကောက်၍ရရှိလာသော အဖြေများမှနေပြီး လူထုများ၏ လိုအပ်ချက်မည်သို့ရှိနေသည်ကို ပြန်လည်ထုတ်ယူနိုင်ပါသည်။

လူမှုအဖွဲ့အစည်းတခုအနေဖြင့် လိုအပ်ချက်များကို အကဲဖြတ်ခြင်း (Need assessment) ဖြင့် လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ပြီး ဆောင်ရွက်စရာများကို ဆက်လက်ဆောင်ရွက်နိုင်ပါသည်။ ယင်းလိုအပ်ချက်ကို အောက်ပါအတိုင်း အဆင့်ဆင့် လေ့လာသုံးသပ်ရှာဖွေဖေါ် ထုတ်ရပါမည်။

- ထို လူမှုအဖွဲ့အစည်း လိုအပ်ချက်များ မည်သို့ ရှိနေသနည်း။
- ဤလိုအပ်ချက်များကို ယခုလက်ရှိ ရှိနှင့်နေသော ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများက မည်မျှအထောက်အကူ ပြုနိုင်သနည်း။
- ဤလိုအပ်ချက်များကို ယခုလက်ရှိ ရှိနှင့်နေသော ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများက ထပ်မံဖြည့်စွက် အထောက်အကူပြုရန် လိုအပ်နေသော အချက်များကား အဘယ်နည်း။
- နောက်ထပ်လိုအပ်နေသော ဝန်ဆောင်မှုလုပ်ငန်းအသစ်များကား အဘယ်နည်း။ စသဖြင့် ဆက်လက်ရှာဖွေရပါမည်။

ဤသို့လိုအပ်ချက်များကို အကဲဖြတ်ခြင်း၊ ရှာဖွေဖော်ထုတ်ခြင်းအားဖြင့်၊ ထိုလူမှုအဖွဲ့အစည်းတွင် အမှန်တကယ်လိုအပ်နေသောလိုအပ်ချက်များကို ရှာဖွေသတ်မှတ်နိုင်ပါသည်။ ရံဖန်ရံခါဆိုသလို လူမှုအဖွဲ့အစည်းအတွင်း နေထိုင် သူများအနေဖြင့် လိုအပ်ချက်နှင့် လိုချင်နေမှုကိုရောထွေး မသဲမကွဲဖြစ်နေတတ်ပါသည်။ တခါတရံတွင် လိုအပ်ချက်ကို ရုပ်ဝတ္ထုပစ္စည်းများပိုင်ဆိုင်မှုနှင့် ရောထွေးနေတတ်ပါသေးသည်။ ဥပမာ–မော်တော်ကား၊ လက်မှုကရိယာ များ၊ စက်ပစ္စည်းများ၊ ပရိဘောဂများစသဖြင့် ဖြစ်ပါသည်။

**လိုအပ်ချက်များကို အကဲဖြတ်သောအခါ–**

- လူမှုအဖွဲ့အစည်းဆိုင်ရာသတင်းအချက်အလက်များကိုကြည့်၍ ထိုလူမှုအဖွဲ့အစည်းအတွင်း မည်သို့ ဖြစ်ပျက်နေသည်ကို သိရှိရန်လိုပါ သည်။
- ထိုလူမှုအဖွဲ့အစည်းအတွက် လိုအပ်ချက်များကို ဆုံးဖြတ်ချက်ချရန်လိုအပ်ပါသည်။
- ထိုလိုအပ်ချက်များအနက်မှ မည်သည့်ကိစ္စများက ပို၍အရေးကြီးသည်ကိုဆုံးဖြတ်ရန်၊ မည်သည့်ကိစ္စများက သိပ်အရေးမကြီးသည်ကို ဆုံးဖြတ်ရန် လိုအပ်ပါသည်။

**ဝန်ဆောင်မှုလုပ်ငန်းများပေးသူများ** (Service Provider)

ဝန်ဆောင်မှုလုပ်ငန်းများပေးသူများ ဆိုသည်မှာ ထိုလူမှုအဖွဲ့အစည်းအတွင်း ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်ပေးနေသူများဖြစ်ပြီး၊ အောက်ပါလူများ ပါဝင်ပါသည်။

- ပညာရေးအတွက် သင်ကြားပေးနေသော ကျောင်းဆရာ၊ ဆရာမများ၊
- ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ကျန်းမာရေးလုပ်သားများ၊
- ကလေးထိန်းလုပ်ငန်းနှင့် မူကြိုကျောင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော အသင်းအဖွဲ့များ၊
- ထိုလူမှုအဖွဲ့အစည်း၏ မရှိမဖြစ် အရေးပါသောလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော အစိုးရဌာနများ၊ ကုမ္ပဏီများ (ဥပမာ အားဖြင့်– လျှပ်စစ်မီးပေးဌာန၊ တယ်လီဖုန်းစနစ်၊ ရေပေးဝေရေးစနစ် စသဖြင့် )
- သွားကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ မိဘမဲ့ကလေးများအတွက် လူနေဆောင်တည်ပေးခြင်း၊ မသန်မစွမ်း သူများအတွက် အထူး ကူညီစောင့်ရှောက်ရေးလုပ်ငန်းများလုပ်ဆောင်သော အဖွဲ့အစည်းများ၊ တသီးပုဂ္ဂလ များလည်းပါဝင်ပါသည်။

**လိုအပ်မှုနှင့် လိုချင်မှု**

လိုအပ်မှုနှင့် လိုချင်မှုအကြား မည်သည့်အချက်များ ကွာခြားသနည်း။
လိုအပ်မှုဆိုသည်မှာ မိမိတို့၏နေထိုင်မှုဘဝတိုးတက်စေရေးအတွက် လိုအပ်သောကိစ္စများဖြစ်ပါသည်။ ဥပမာအားဖြင့်

- ကိုယ်ကာယကျန်းမာရေး– ကိုယ်ခန္ဓာ
- စိတ်ကျန်းမာရေး– ခံစားမှုများ
- လူမှုရေးဆိုင်ရာ ကျန်းမာရေး– အခြားသူများနှင့် သင့်တင့်ပြေလည်ခြင်း။
- စီးပွါးရေးကျန်းမာရေး– ငွေကြေးရရှိမှု၊ အလုပ်အကိုင်ရရှိမှု

မိမိတို့လူနေမှုဘဝ သင့်တင့်ကောင်းမွန်ရေးအတွက် အချို့အခြေအနေများလိုအပ်မှု ရှိပါသည်။ ဥပမာအားဖြင့်

- ရေ
- လေ
- အစားအစာ
- အိုးအိမ်နှင့် အဝတ်အထည်
- ချစ်မေတ္တာ၊ အပေါင်းအဖော်နှင့် မိတ်ဆွေများ
- ငွေကြေး
- ဘဝ၏ အဓိပ္ပါယ်
- သွားလာရေးအတွက် ကိစ္စများ
- ပညာရေး သင်ကြားပိုင်ခွင့်
- အာဏာနှင့် နိုင်ငံရေးတွင် ဝင်ရောက်ပြောဆိုခွင့်
- တရားဝင်အပ်နှင်းထားသော အခွင့်အရေးများ
- လုံခြုံမှု စသဖြင့်



သို့သော်လည်း အခြားတဖက်တွင် 'လိုချင်မှု' ဆိုသည်မှာ မိမိတို့ဘဝရှင်သန်နေထိုင်ရေးအတွက် အမှန်တကယ် မရှိလျှင် မဖြစ်လိုအပ်သော ပစ္စည်းများ မဟုတ်ပါ။ သို့သော်လည်းဤပစ္စည်းများရှိခြင်းအားဖြင့် ပို၍ဘဝနေပျော်ဖွယ်ဖြစ်နိုင်ပါသည်။
ဥပမာအားဖြင့် –

★ လှပသော အဝတ်အစားများ

★ ပရိဘောဂများနှင့် ကောင်းမွန်သောအိမ်တလုံး

★ ငွေကြေးအမြောက်အများ

★ စီးကရက်၊ ဆေးလိပ်နှင့် အရက်များ

★ နောက်ဆုံးပေါ် မော်တော်ကား စသဖြင့် ဖြစ်သည်။



**မတူကွဲပြားသော လိုအပ်မှုများ**

မိမိတို့အားလုံးတွင် ကိုယ်ကာယလိုအပ်ချက်၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်၊ လူမှုရေးလိုအပ်ချက်၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ လိုအပ်ချက်နှင့် စီးပွါးရေးလိုအပ်ချက်များ ရှိကြပါသည်။ ထို့အပြင် မိသားစုများတွင် အခြားသောလိုအပ်ချက်များလည်းရှိပါသေးသည်။



- လေးစားမှု
- ချစ်ခြင်းမေတ္တာ
- ပူးပေါင်းဆောင်ရွက်မှု
- တဦးနှင့် တဦးအပြန်အလှန်ပံ့ပိုးပေးမှု
- တဦးနှင့်တဦး အချိန်ပေးစောင့်ရှောက်မှု
- တဦးကိစ္စအပေါ် တဦးက စိတ်ဝင်စားမှု စသဖြင့် ဖြစ်သည်။

လူမှုအဖွဲ့အစည်းများတွင်လည်း မတူကွဲပြားသောလိုအပ်မှုများ ရှိပါသည်။ အကြောင်းမှာ လူအများ စုပေါင်းနေထိုင်ကြသောကြောင့် ဖြစ်ပါသည်။ ထိုကြောင့် လူအများအနေဖြင့် လူတဦးချင်းအတွက်သာမကပဲ၊ အုပ်စုတခုလုံး ဆိုင်ရာ အတွက် လိုအပ်မှုရှိလာပါသည်။

လူမှုအဖွဲ့အစည်းများ၏ လိုအပ်မှုများတွင် အောက်ပါအချက်အလက်များပါဝင်ပါသည်။

- ဖွဲ့စည်းပုံ။ လူမှုအဖွဲ့အစည်းအတွင်း လုပ်ကိုင်ဆောင်ရွက်ပုံ ဖြစ်ပါသည်။ လူမှုအဖွဲ့အစည်းဝင်အားလုံးအပေါ် မျှတစွာဆက်ဆံရန် လိုအပ်ပါ သည်။
- အရင်းအမြစ်များ။ ဝန်ထမ်းများ၊ ငွေကြေးများ၊ ပစ္စည်းကရိယာများ၊ အဆောက်အဦများ စသဖြင့် ။
- လူတဦးချင်းက ဤအဖွဲ့အစည်းအတွင်းပါဝင်ပိုင်ဆိုင်နေသည်ဟု တသားတည်းဟု ခံစားရသောအခြေအနေ။
- အဖွဲ့အစည်းများနှင့် လုပ်ငန်းအစီအစဉ်များ။ လူတဦးချင်းစီ၏လိုအပ်မှုများနှင့် အုပ်စုအလိုက်လိုအပ်နေမှုများကို ဖြည့်ဆီးပေးနိုင်ရန်၊ ဆောင်ရွက်ပေးနိုင်သော အဖွဲ့အစည်းများ၊ လုပ်ငန်းများ ဖြစ်ပါသည်။
- ဆက်သွယ်ရေးနည်းလမ်း။ လူမှုအဖွဲ့အစည်းဝင်များမှသော်လည်းကောင်း၊ အဖွဲ့အစည်းများမှသော်လည်းကောင်း၊ ရံပုံငွေထောက်ပံ့ပေး မည့်အဖွဲ့အစည်းများမှသော်လည်းကောင်း သတင်းများရယူနိုင်မည့် လုပ်ငန်းစဉ်များ စသဖြင့် ဖြစ်ပါသည်။

**လိုအပ်မှုများကို ဖြည့်ဆီးပေးခြင်း (အတိတ်ကာလနှင့် လက်ရှိအခြေအနေ)**

အတိတ်ကာလက လူနေမှုဘဝများသည် ယခုကာလထက်များစွာပိုမို ရိုးရှင်းလွယ်ကူပါသည်။ လူအများ အာရုံထားခဲ့ကြသည့် ကိစ္စများမှာ –

- ရှင်သန်နေထိုင်ရေး
- မိသားစုများထူထောင်ခြင်း၊ စုဝေးခြင်းနှင့် အစားအစာအတွက် စိုက်ပျိုးမွေးမြူစုဆောင်းခြင်း။
- ကုန်သွယ်ခြင်း အစရှိသည့် လူတဦးချင်းဆိုင်ရာလိုအပ်မှုများနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ရိုးရှင်းသော လိုအပ်မှုများကိုသာ အဓိကထားခဲ့ ကြပါသည်။

အတိတ်ကာလနှင့် လက်ရှိအခြေအနေကွာခြားလာသောအချက်မှာ၊ ယခင်ကာလများက မိမိတို့အသက်ရှင်နေထိုင်မှုအတွက်လိုအပ်ချက် များအားလုံးကို ကိုယ်ထူကိုယ်ထဖြေရှင်းခဲ့ကြခြင်း ဖြစ်ပါသည်။ ထိုသူများအနေဖြင့်

- အမဲလိုက်ခြင်း၊ စုဆောင်းခြင်းနှင့် စားရေရိက္ခာစိုက်ပျိုးခြင်း။

- မိမိဖာသာ အိုးအိမ်နှင့် ဝတ်ရန်အဝတ်အထည်များ ရက်လုပ်ခြင်း။
- မိသားစုများနှင့် အုပ်စုများထူထောင်ခြင်း။
- မိမိဖာသာ ဥပဒေ၊ ဓလေ့ထုံးတမ်းများ ပြဋ္ဌာန်း၍ နေထိုင်ကြခြင်း။
- ကုန်သွယ်ခြင်း။(အကယ်၍သူတို့နေထိုင်သောဒေသတွင် လိုအပ်နေသောပစ္စည်းမရှိပါက ကုန်သွယ် မှုဖြင့် ရောင်းဝယ် ကြပါသည်။ ပစ္စည်းချင်း ဖလှယ်သောစနစ်ဖြင့် စတင်ခဲ့ကြသည်။)

သို့သော်လည်း ယနေ့ကာလတွင် လူအ များ၏ လိုအပ်မှုများကို အခြားနည်းများဖြင့် ဖြည့်ဆီး ကြရပါသည်။ဥပမာ –

- အစားအစာ၊ အဝတ်အထည်၊ နေစရာဝယ်ယူရန်အတွက် ပိုက်ဆံရှာဖွေရခြင်း။
- အစိုးရလုပ်ငန်းများ။ အစိုးရလုပ်ငန်းများတွင် လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိခြင်း၊ အိုးအိမ်များ ဆောက်လုပ်ထောက်ပံ့ ပေးခြင်း၊ ဝန်ဆောင်မှု များဆောင်ရွက်ပေးခြင်း၊ စသဖြင့်
- ဝန်ဆောင်မှုများ။ ဥပမာ– စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘဏ်လုပ်ငန်း စသည်တို့ ဖြစ်သည်။

အတိတ်ကာလနှင့် ယခုလက်ရှိ အခြေအနေတို့ မည်သို့ပင်ကွာခြားနေစေကာမူ အနှစ်သာရအားဖြင့် တူညီသော ပုဂ္ဂလိကနှင့် လူမှုအဖွဲ့အစည်းလိုအပ်ချက်တို့ ရှိကြပါသည်။ ယင်းတို့မှာ

- ❖ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ physical needs (ရေ၊ လေ၊ နှင့် စားဝတ်နေရေး )
- ❖ ခံစားမှုပိုင်းဆိုင်ရာလိုအပ်ချက်များ emotional needs (ချစ်ခင် မိတ်ဆွေဖြစ်မှု၊ လူမှုအဖွဲ့အစည်းဝင်တဦးအဖြစ် အသိအမှတ်ပြုပါဝင်ခြင်း၊ ဘဝရည်မှန်းချက်)
- ❖ လူမှုရေးဆိုင်ရာလိုအပ်ချက်များ social need (ပေါင်းသင်းဆက်ဆံမှု၊ မိတ်ဆွေတို့အတွက် အချိန်ပေးမှု)
- ❖ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ spiritual needs ( ကိုးကွယ်ယုံကြည်မှု၊ အဓိပ္ပါယ်ပြည့်ဝသော ဘဝ)
- ❖ စီးပွါးရေးဆိုင်ရာလိုအပ်ချက် economic needs (ငွေကြေး၊ ဝင်ငွေအကျိုးအမြတ် ရရှိနိုင်သည့် အခြေအနေ)

စသည်တို့ဖြစ်သည်။

**လေ့ကျင့်ရန်**

(၁) လိုအပ်ချက်များကို အကဲဖြတ်ခြင်း (Need assessment ) ဆိုသည်မှာ အဘယ်နည်း။
(၂) လိုအပ်မှုနှင့် လိုချင်မှုနှစ်ခုအကြားခြားနားချက်ကို ဥပမာနှစ်မျိုးစီပေးပြီး ရှင်းလင်းတင်ပြပါ။
(၃) လူသားတို့အတွက် အခြေအကျဆုံးသော လိုအပ်မှု ခုနှစ်ခုကို ရေးပါ။
(၄) လူပုဂ္ဂိုလ်တဦးချင်းနှင့်ဆိုင်သော လိုအပ်မှုများကို သင်နားလည်ထားသလို ရှင်းလင်းတင်ပြပါ။
(၅) မိသားစုအဆင့်အတိုင်းအတာ လိုအပ်မှု များအနက် ဥပမာ သုံးခုကို တင်ပြပါ။
(၆) လူမှုအဖွဲ့အစည်းအတိုင်းအတာ လိုအပ်မှုများအနက် ဥပမာ သုံးခုကို တင်ပြပါ။

## လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်၊ မည်သူ မည်သူ၏ တာဝန်နည်း။

တခါတရံတွင် လိုအပ်ချက်များကိုဖြည့်ဆည်းရန်မှာ လူတဦးချင်း၏တာဝန် ဖြစ်သကဲ့သို့ တခါတရံ အစိုးရ၏တာဝန် ဖြစ်ပါသည်။ တခါတရံ ဝန်ဆောင်မှုပေးသူများ၏ တာဝန် ဖြစ်ပါသည်။
အောက်ဖော်ပြပါ ဇယားတွင်၊ လိုအပ်မှုအမျိုးမျိုးနှင့် ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ မည်သူကတာဝန်ရှိနိုင်သည်ကိုဖော်ပြထားပါသည်။ အထူးသဖြင့် ယခုကာလတွင် ဤလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တာဝန်ရှိသူများ ဖြစ်ပါသည်။
ဥပမာအားဖြင့်– စီးပွါးရေးဈေးကွက်စနစ် ကောင်းစွာဖွံ့ ဖြိုးနေသော နိုင်ငံတခုနှင့် အစိုးရက လူမှုဖူလုံရေးလုပ်ငန်းများကိုထောက်ပံ့ပေးနေသောနိုင်ငံတခု၌ လိုအပ်မှုများအတွက် အောက်ဖော်ပြပါအတိုင်းတာဝန်ယူမှု ရှိရလိမ့်မည် ဖြစ်ပါသည်။

| လိုအပ်မှု | လူတဦးချင်း | အစိုးရ | ဝန်ဆောင်မှုပေးသူ |
|---|---|---|---|
| အစားအစာ | ✔ | ✔ | |
| ရေ | ✔ | ✔ | |
| အိုးအိမ် | ✔ | ✔ | |
| အဝတ်အထည် | ✔ | ✔ | |
| သယ်ယူပို့ဆောင်ရေး | ✔ | ✔ | |
| အိမ်ယာဆောက်လုပ်မှု | ✔ | ✔ | |
| ပညာရေး | ✔ | ✔ | |
| ကျန်းမာရေးစောင့်ရှောက်မှု | ✔ | ✔ | |
| ငွေကြေး | ✔ | ✔ | |
| ချစ်ခြင်းမေတ္တာ၊ မိတ်ဆွေ | ✔ | | |
| ပိုင်ဆိုင်မှု | ✔ | | |
| လူမှုဖူလုံရေး | | ✔ | ✔ |
| လေ့ကျင့်သင်တန်း အစီအစဉ်များ | | ✔ | ✔ |
| လူငယ်အစီအစဉ်များ | | ✔ | ✔ |
| အဟာရပံ့ပိုးရေးအစီအစဉ်များ | | ✔ | ✔ |
| ကျင့်ဝတ်ပိုင်းဆိုင်ရာလိုအပ်မှု | ✔ | | |
| သက်ကြီးရွယ်အိုများ စောင့်ရှောက်မှု | | ✔ | ✔ |
| အထူးစောင့်ရှောက်ပေးမှု | | ✔ | ✔ |
| လူမှုအဖွဲ့အစည်း လိုအပ်ချက်များ | ✔ | ✔ | ✔ |

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးကြသောဒေသများ၊ အစိုးရထောက်ပံ့ပေးမှုများစွာမရရှိသော ဒေသများ၊ အချို့သော စေတနာ့ဝန်ထမ်း အဲန်ဂျီအိုများ၏ ထောက်ပံ့မှုဖြင့်သာနေထိုင်ရသော လူမှုအဖွဲ့အစည်းများ တွင် တာဝန်ရှိမှုကအောက်ပါအတိုင်းဖြစ်နိုင်ပါသည်။

| လိုအပ်မှု | လူတဦးချင်း | အစိုးရ | ဝန်ဆောင်မှုပေးသူ |
|---|---|---|---|
| အစားအစာ | ✔ | | |
| ရေ | ✔ | | ✔ |
| အိုးအိမ် | ✔ | | |
| အဝတ်အထည် | ✔ | | |
| သယ်ယူပို့ဆောင်ရေး | ✔ | ✔ | |
| အိမ်ယာဆောက်လုပ်မှု | ✔ | | |
| ပညာရေး | ✔ | ✔ | |
| ကျန်းမာရေးစောင့်ရှောက်မှု | ✔ | | |
| ငွေကြေး | ✔ | ✔ | |
| ချစ်ခြင်းမေတ္တာ၊ မိတ်ဆွေ | ✔ | | |
| ပိုင်ဆိုင်မှု | ✔ | | |
| လူမှုဖူလုံရေး | | | ✔ |
| လေ့ကျင့်သင်တန်း အစီအစဉ်များ | | ✔ | ✔ |
| လူငယ်အစီအစဉ်များ | | | |
| အဟာရပံ့ပိုးရေးအစီအစဉ်များ | | ✔ | ✔ |
| ကျင့်ဝတ်ပိုင်းဆိုင်ရာလိုအပ်မှု | ✔ | | |
| သက်ကြီးရွယ်အိုများ စောင့်ရှောက်မှု | ✔ | | |
| အထူးစောင့်ရှောက်ပေးမှု | | | |
| လူမှုအဖွဲ့အစည်း လိုအပ်ချက်များ | ✔ | | |

အနှစ်ချုပ်အားဖြင့်ဆိုရလျှင်၊ လူတဦးချင်းဆိုင်ရာလိုအပ်မှုကို ဖြည့်ဆီးရန်မှာ သင့်တာဝန်ဖြစ်ပါသည်။ လူမှုအဖွဲ့အစည်းဆိုင်ရာအများစု လိုအပ်ချက်များမှာ လူတဦးချင်းကသော်လည်းကောင်း၊ အစိုးရများက သော်လည်းကောင်း၊ ဝန်ဆောင်မှုပေးသူများကသော်လည်းကောင်း၊ ဖြည့်ဆီးပေးရမည့် တာဝန်ပူးပေါင်းရှိကြပါသည်။

သင်၏ လူတဦးချင်းလိုအပ်မှုနှင့် ပတ်သက်၍ကိုယ်ကာယ၊ ရုပ်ဝတ္ထုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆီးရမည့်သူမှာ သင်၊ အစိုးရနှင့် ဝန်ဆောင်မှုပေးသူများ ဖြစ်ကြပါသည်။

- သင်၏ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်ကို ဖြည့်ဆီးရမည့် သူမှာ သင့်တာဝန်သာဖြစ်ပါသည်။
- သင်၏ လူမှုရေးပိုင်းဆိုင်ရာလိုအပ်ချက်ကို ဖြည့်ဆီးရမည့်သူမှာ သင့်တာဝန်သာဖြစ်ပါသည်။
- သင်၏ ကျင့်ဝတ်ပိုင်းဆိုင်ရာလိုအပ်ချက်ကို ဖြည့်ဆီးရမည့်သူမှာ သင့်တာဝန်သာဖြစ်ပါသည်။
- သင်၏ စီးပွါးရေးပိုင်းဆိုင်ရာလိုအပ်ချက်ကို ဖြည့်ဆီးရမည့်သူမှာ သင့်တာဝန်သာဖြစ်ပါသည်။
- သင်၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များအတွက်၊ ကိုယ်ပိုင်သွားလာနိုင်ရေးအတွက် လိုအပ်သည်ဟုယူဆပါက၊ ဖြည့်ဆီးရန်မှာသင့်တာဝန်သာ ဖြစ်ပါသည်။
- လူမှုအဖွဲ့အစည်းဆိုင်ရာ လိုအပ်မှုများနှင့် ပတ်သက်၍
- လူမှုအဖွဲ့အစည်းတခုလုံး၏ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ထောက်ပံ့ပေးရန် အစိုးရတွင် တာဝန်ရှိပါ သည်။

- ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာကိစ္စများအတွက် ထောက်ပံ့ပေးရန် အစိုးရနှင့် ဝန်ဆောင်မှုပေးသူများတွင် တာဝန်ရှိပါသည်။
- တခါတရံတွင် လေ့ကျင့်ပညာပေးရေးသင်တန်းများကို ဝန်ဆောင်မှုပေးသူများက စီစဉ်ဆောင်ရွက်ပေးလေ့ ရှိကြပါသည်။
- လူမှုဖူလုံရေးလုပ်ငန်းများကို အစိုးရကသော်လည်းကောင်း၊ အချို့သောကိစ္စများတွင် ဝန်ဆောင်မှုပေးသူများ ကသော်လည်းကောင်း တာဝန်ယူကြပါသည်။
- အသက်အရွယ်ကြီးရင့်သူများအတွက် စောင့်ရှောက်ပေးသောလုပ်ငန်းများကို တခါတရံ မိမိတို့မိသားစုများ ကပင် ကိုယ်တိုင် တာဝန်ယူကြပြီး၊ တခါတရံ အစိုးရကသော်လည်းကောင်း၊ ဝန်ဆောင်မှုပေးသူများကသော် လည်းကောင်း တာဝန်ယူဆောင်ရွက်ပေးကြပါသည်။
- အချို့သော လူမှုအဖွဲ့အစည်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆီးနိုင်ရန်၊ ထိုလူမှုအဖွဲ့အစည်းဝင်များကပင် တာဝန်ယူကြရပြီး၊ ဤအခြေ အနေမှာလည်း လူ့အဖွဲ့အစည်းတခုနှင့်တခု ကွာခြားမှုရှိပါသည်။ ဥပမာအားဖြင့် – လိုအပ်သောအရင်းအမြစ်များဖြစ်သည့် အဆောက်အဦများ၊ စက်ကရိယာများ၊ ကျောင်း နှင့် ဆေးရုံအတွက် ပရိဘောဂများကို တခါတရံ လူမှုအဖွဲ့အစည်းဝင်များကပင် ဆောင်ရွက်ဖြည့်ဆီး ပေးကြ ရပါသည်။ အစိုးရဖက်က ကျွမ်းကျင်သူဝန်ထမ်းများနှင့် ကျောင်းဆရာများ၊ ဆရာဝန်များ ပံ့ပိုးမှုပေးပါသည်။
- လူမှုအဖွဲ့အစည်းဝင်များအချင်းချင်း ဆက်သွယ်ရေးအတွက်– ဥပမာအားဖြင့် အစည်းအဝေးများခေါ်ယူ ခြင်း၊သတင်းစာများ ထုတ်ဝေခြင်း၊ စသည့်လုပ်ငန်းများလုပ်ဆောင်ရန် လူမှုအဖွဲ့အစည်းဝင်များကပင် တာဝန်ယူကြရပါသည်။
- ဖွဲ့စည်းပုံအတွက် လိုအပ်ချက်များဖြစ်သည့်၊ လူမှုအဖွဲ့အစည်းကို မည်သို့မည်ပုံဖွဲ့စည်းမည်၊ မည်သူက မည်သည့် တာဝန်များ ထမ်းဆောင်ကြမည်ကို တာဝန်ခွဲဝေကြရန်အတွက် လူမှုအဖွဲ့အစည်းဝင်များတွင် တာဝန်ရှိပါသည်။ (တခါတရံအချို့သော လူမှုအဖွဲ့အစည်းများတွင် မည်သို့မည်ပုံဖွဲ့စည်းဆောင်ရွက်ကြရမည် ကို အစိုးရက ပြဋ္ဌာန်းခိုင်း စေသည်လည်း ရှိတတ်ပါသည်။)

**လေ့ကျင့်ရန်**

(၁) သင့်လူမှုအဖွဲ့အစည်းတွင် အတိတ်ကနှင့်မတူသော ပြောင်းလဲလာသည့် လိုအပ်မှုအခြေအနေဥပမာတစ်ခုကို သုံးသပ်တင်ပြပါ။

(၂) လူမှုအဖွဲ့အစည်းဝင်တိုင်းအပေါ်တွင် တာဝန်ရှိသော လိုအပ်ချက်နှင့်ပတ်သက်သည့် အရာများအနက် နှစ်မျိုး ကို တင်ပြပါ။

(၃) ယခုသင်၏လူမှုအဖွဲ့အစည်းအတွက် အရေးကြီးဆုံးသော လုပ်ငန်းတာဝန်ငါးခုကို ဖော်ပြပြီး ယင်းလုပ်ငန်း တာဝန် များသည် အဘယ့်ကြောင့် အရေးကြီးကြောင်းကို ရှင်းလင်းတင်ပြပါ။

## လူမှုအဖွဲ့အစည်း၏လိုအပ်ချက်များကို ရှာဖွေလေ့လာရန်အတွက် နည်းလမ်းများ

လူမှုအဖွဲ့အစည်း၏ လိုအပ်ချက်များကို သိရှိရန်ရှာဖွေလေ့လာခြင်း ကိစ္စကို ဆောင်ရွက်ရာတွင် နည်းလမ်းများစွာ ရှိပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါ။

### ညှိနှိုင်းဆွေးနွေးခြင်း

သတင်းအချက်အလက်များ ရယူစုဆောင်းခြင်း၊ (လူမှုအဖွဲ့အစည်းဆိုင်ရာအချက်အလက်များ စစ်တမ်းကောက် ယူခြင်း၊ လိုအပ်ချက်များကို အကဲဖြတ်ဆုံးဖြတ်ခြင်း) အတွက် အထိရောက်ဆုံးနည်းလမ်းမှာ လူအများနှင့် စကားပြောဆို ဆွေးနွေးခြင်း (ညှိနှိုင်းဆွေးနွေးခြင်း) ဖြစ်ပါသည်။ လိုအပ်ချက်များကို အကဲဖြတ်သောအခါ၊ ထိုလူမှုအဖွဲ့အစည်း အကြောင်း များစွာသိထားသူနှင့်ညှိ နှိုင်းဆွေးနွေးခြင်းဖြင့် လိုအပ်နေမှုများအား မည်သို့ရှိနိုင်မည်ကို သိနိုင်ပါသည်။ ဆွေးနွေးတိုင်ပင်ရမည့်သူများမှာ ဥပမာအားဖြင့်–

- လူမှုအဖွဲ့အစည်းတွင်း စီမံခန့်ခွဲနေသူမန်နေဂျာများ
- ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ လုပ်သားများ
- ဝန်ဆောင်မှုပေးသူများ
- ဆရာ၊ ဆရာမများ
- အုပ်ချုပ်ရေးဝန်ထမ်းများ
- ကော်မီတီဝင်များ
- သက်ကြီးဝါကြီးများ၊ အတွေ့ကြုံရှိသူများ
- နိုင်ငံရေးအဖွဲ့အစည်းခေါင်းဆောင်များနှင့် အခြားလူမှုအဖွဲ့အစည်းအတွင်းရှိ အဖွဲ့အစည်းများ ဖြစ်ပါသည်။

အကယ်၍ လူအများနှင့် ညှိနှိုင်းဆွေးနွေးခြင်းဆောင်ရွက်တော့မည်ဆိုလျှင်၊ အောက်ပါအဆင့်များကို ဆောင်ရွက်သင့်ပါသည်။

- မိမိတိုင်ပင်ဆွေးနွေးရမည့်၊ မတွေ့မဖြစ် တွေ့ရမည့်သူများကို သတ်မှတ်ခြင်း (ထိုသူများမှာ ထိုလူမှုအဖွဲ့အစည်း အတွင်းအရေးပါသူများ ဖြစ်ကြပါသည်။)
- ထိုသူများကို တွေ့ပါက မေးရမည့်မေးခွန်းများကို ကြိုတင်ပြင်ဆင်ထားခြင်း၊ ထိုသူများကို ဖြေပေးစေလိုသည့် မေးခွန်းလွှာများကို ကြိုတင်ပြင်ဆင်ထားခြင်း။
- အချက်အလက် သတင်းများစုဆောင်းထားရှိခြင်း။
- ရရှိလာသောအချက်အလက်များမှ မည်သည့် အဓိပ္ပါယ်ကိုဖော်ပြနေသည်၊ ထိုလူ့အဖွဲ့အစည်း၏ အမှန်တကယ်လိုအပ်နေချက်မှာ မည်သည့်ကိစ္စဖြစ်သည်ကို ပြန်လည်ဆန်းစစ်ခြင်း၊ တို့ ဆောင်ရွက်သင့်ပါသည်။

### မှတ်တမ်းများ

လူမှုအဖွဲ့အစည်းဆိုင်ရာရုံးများ၊ အစိုးရရုံးများတွင် ရေးသားမှတ်တမ်းတင်ထားသော သတင်း၊ အချက်အလက်များ ရရှိရန်အကောင်းဆုံး အရင်းအမြစ်များ ဖြစ်ကြပါသည်။

- လူဦးရေဆိုင်ရာအချက်အလက်များ
- ကျန်းမာရေးဆိုင်ရာ ပြဿနာများ
- အလုပ်အကိုင်ရရှိမှု အခြေအနေများ
- ပညာရေးဆိုင်ရာ အခြေအနေ
- အိုးအိမ်နေရာချထားမှု အခြေအနေ စသဖြင့်တို့ ဖြစ်ပါသည်။

သင့်အနေဖြင့် အသင့်ရှိထားပြီးသော လူမှုအဖွဲ့အစည်း၏ ရရှိလာသောကိန်းဂဏန်းများ၊ အချက်အလက်များကို အသုံးပြုလိုက ပြန်သုံးနိုင်ပါသည်။ လက်ရှိအခြေအနေတွင် လိုအပ်ချက်များကို ဖြည့်ဆီးနိုင်ရန် မည်သည့် အရင်းအမြစ်များ ရရှိနေသည်၊ မည်သည့် အရင်းအမြစ်များက အလဟသ လေလွင့်ပြုန်းတီးနေသည်ကို ရှာဖွေဖော်ထုတ်နိုင်ပါသည်။

**မေးခွန်းလွှာ**

မေးခွန်းလွှာဆိုသည်မှာ ထိုလူမှုအဖွဲ့အစည်း (လူအုပ်စု) နှင့်ပတ်သက်၍ သီးသန့်သိလိုသောအကြောင်းကိစ္စများအတွက်မေးမြန်းရန်၊ စုစည်းထားသော မေးခွန်းတစုံဖြစ်ပါသည်။

## မေးခွန်းများရေးသားခြင်း

သင့်အနေဖြင့် မေးခွန်းလွှာတစောင် ရေးသားပြုစုတော့မည်ဆိုပါက၊ မေးခွန်းများကို ရိုးရှင်းလွယ်ကူစွာရေးသားရန် သတိပြုသင့်ပါသည်။ မေးခွန်းများကို တိုတောင်း၍၊ နားလည်ရန် လွယ်ကူစေရပါမည်။
ဥပမာအားဖြင့်၊ သင့်နှင့် သက်ဆိုင်သော အသက်အုပ်စုကို အမှတ်ခြစ်ပါ။

- ☐ ၀– ၁၀ နှစ်
- ☐ ၁၀–၂၀ နှစ်
- ☐ ၂၁–၃၀ နှစ်
- ☐ ၃၁–၄၀ နှစ်
- ☐ ၄၁–၅၀ နှစ်
- ☐ ၅၁ နှစ်နှင့်အထက်

သင်၏လိုအပ်ချက်များကို လူမှုအဖွဲ့အစည်းကော်မတီက ဖြည့်ဆီးပေးနိုင်ပါသလား။

- ☐ ဖြည့်ဆီးပေးနိုင်သည်။
- ☐ ဖြည့်ဆီး မပေးနိုင်ပါ။

ထိုမေးခွန်းများမေးမြန်းသောအခါ အမြဲတစေ 'မသိပါ' 'မသက်ဆိုင်ပါ' စသဖြင့် ရွေးချယ်စရာကိုလည်း ထည့်ပေးရန် လိုအပ်ပါသည်။ ထိုအခါ မေးခွန်းကိုလူတိုင်းက ဖြေဆိုနိုင်လိမ့်မည် ဖြစ်ပါသည်။

- ☐ ဖြည့်ဆီးပေးနိုင်သည်။
- ☐ ဖြည့်ဆီး မပေးနိုင်ပါ။
- ☐ မသိပါ။
- ☐ မသက်ဆိုင်ပါ။

သင်၏ ကျေးရွာတွင် အပန်းဖြေအနားယူမှုအတွက် သုံးသောကိစ္စရပ်ကို အမှတ်ခြစ်ပါ။

- ☐ ဘောလီဘောကွင်း
- ☐ ဘတ်စကက်ဘောကွင်း
- ☐ ဘောလုံးကွင်း
- ☐ ကလေးများ ကစားကွင်း
- ☐ ရုပ်ရှင်ရုံ
- ☐ အခြား.................................

**သင်၏မေးခွန်းလွှာကို ပုံစံထုတ်ခြင်း**

သင်၏ မေးခွန်းလွှာတွင် မည်သည့်မေးခွန်းများပါဝင်စေမည်ဟု ဆုံးဖြတ်ချက်ချပြီးသောအခါ၊ ထိုမေးခွန်းလွှာပုံစံကို စနစ်တကျချရန် သေသပ်စေရန် ပုံစံထုတ်ရန်လိုအပ်ပါသည်။

အောက်ပါအချက်အလက်များကို အမှတ်ရစေလိုပါသည်။

- အရေးကြီးသည့်မေးခွန်းကို မေးရန်လိုအပ်ပြီး၊ ဖြေရန်လွယ်သည့် မေးခွန်းမျိုး ဖြစ်ရပါမည်။
  - o ဥပမာ– ဤရွာတွင် နေထိုင်သည်မှာ မည်မျှကြာပြီနည်း။
    - ☐ တနှစ်အောက်
    - ☐ တနှစ်ကျော်၊ ငါးနှစ်အောက်
    - ☐ ငါးနှစ်အထက်
- အကယ်၍မေးခွန်းများကို ရေးသားဖြေဆိုပေးရန်လိုအပ်ပါက၊ ဖြေဆိုရန်အတွက် လုံလောက်သောနေရာ (ကွက်လပ်)ပေးရန် လိုအပ်ပါသည်။
  - o ဥပမာ – ဘာ့ကြောင့်ရပ်ကွက်အစည်းအဝေးများကို တက်ရောက်ခဲ့ပါသလဲ။ရှင်းပြပါ။

  ................................. ........................................ ........................................ ............................................. .

  ................................. ........................................ ........................................ ............................................. .

  ................................. ........................................ ........................................ ............................................. .

- အကယ်၍ မေးခွန်းများတွင် ဖြေဆိုရန်လမ်းကြောင်းများအများအပြားရှိပါက၊ သင့်အနေဖြင့် ဖြေဆိုစေလိုသောလမ်းကြောင်း ကို သိသာထင်ရှားစေအောင် ဆောင်ရွက်ပေးရပါလိမ့်မည်။
  - o ဥပမာအားဖြင့်
    - ➯ မေးခွန်း ၁–မှ ၅ အထိကို အရင်ဖြေဆိုပေးပါ။
    - ➯ အကယ်၍သင့်အနေဖြင့် မေးခွန်း (၆) ကို ဟုတ်ပါသည်ဟု ဖြေဆိုပါက၊ မေးခွန်း (၁၂) သို့ တခါ တည်းသွား၍ ဆက်လက်ဖြေဆိုပါ။ အခြားမေးခွန်းများကို ကျော်လိုက်ပါ။ အကယ်၍ သင့်အနေဖြင့် မေးခွန်း (၆) ကို မဟုတ်ပါဟု ဖြေဆိုပါက၊ မေးခွန်း (၇) ကို ဆက်လက် ဖြေဆိုပေးပါ။
- အကယ်၍ ပြဿနာဖြစ်လာနိုင်သော အရေးကြီးသည့်ကိစ္စများနှင့် ပတ်သက်၍မေးခွန်းမေး မည်ဆိုပါက၊ ဤမေးခွန်းများကို မေးခွန်းလွှာ၏ နောက်ဆုံးတွင်မေးရန်လိုပါသည်။ ဥပမာ– ဒေသအတွင်းရှိ ရဲအရာရှိများနှင့် ပတ်သက်၍သင်၏ ခံစားချက်ကိုပြောပါ။

| | |
|---|---|
| ☐ လုံးဝယုံကြည်အားကိုးရသည်။ | ☐ ရင်းနှီးသောဆက်ဆံရေးမရှိပါ။ |
| ☐ ရင်းနှီးစွာပေါင်းသင်းသည်။ | ☐ ယုံကြည်အားကိုးစရာ မရှိပါ။ |
| ☐ ရင်းနှီးသည်၊ သို့သော် ယုံကြည်အားကိုးမှုမရှိပါ။ | ☐ အခြား.................................... |

အောက်ဖော်ပြပါ စာမျက်နှာများတွင်၊ လူမှုအဖွဲ့အစည်းတခု၏ လိုအပ်မှုများကို အကဲဖြတ်ရန်ဆောင်ရွက်သည့် နမူနာပုံစံကို ဖော်ပြ ထားပါသည်။

**နယ်စပ်ဒေသ လူမှုအဖွဲ့အစည်း**
**လူမှုအဖွဲ့အစည်းလိုအပ်ချက်ဆိုင်ရာ အကဲဖြတ်ချက်**

အောက်ဖော်ပြပါ လူမှုအဖွဲ့အစည်းလိုအပ်ချက်ဆိုင်ရာ အကဲဖြတ်ချက်မေးခွန်းလွှာကို နယ်စပ်ဒေသလူမှုအဖွဲ့အစည်း စီမံခန့်ခွဲရေး အဖွဲ့က ပြုစုထားခြင်း ဖြစ်ပါသည်။ ဤမေးခွန်းလွှာကို လူမှုအဖွဲ့အစည်းကောင်စီနှင့်ဆွေးနွေးပြီးနောက် လူမှုအဖွဲ့အစည်း၏ သတင်းအချက်အလက်များ စစ်တမ်းကောက်ယူနိုင်ရန်အတွက် ပြုစုရခြင်း ဖြစ်ပါသည်။

ဤမေးခွန်းလွှာများ မေးမြန်းရခြင်း၏ ရည်ရွယ်ချက်သည် လူမှုအဖွဲ့အစည်းဝင်များ၏ အခြေအနေနှင့်ပတ်သက်၍ သတင်းအချက်အလက် များစုဆောင်းရယူနိုင်ရန်ဖြစ်ပြီး လူမှုအဖွဲ့အစည်းစီမံခန့်ခွဲရေးအသင်းက ဤလူမှုအဖွဲ့အစည်း အတွင်းရှိအသင်းများအတွက်သော်လည်းကောင်း၊ လူမှုအဖွဲ့အစည်းတခုလုံးအတွက်သော်လည်းကောင်း လိုအပ်ချက်များကိုဆက်လက်၍ ဖော်ထုတ်သတ်မှတ်သွားနိုင်ရန် ရည် ရွယ်ပါသည်။

အင်တာဗျူးမေးခွန်းများ မေးမြန်းသူ..............................
နေ့စွဲ..............................
စတင်မေးမြန်းသောအချိန်..............................
မေးမြန်းပြီးဆုံးသောအချိန်..............................
ညွှန်ကြားချက်များ
၁။ ဤမေးခွန်းလွှာတွင် ပါဝင်သောမေးခွန်းများအားလုံးကို ဖြေကြားပေးပါ။
၂။ ဤမေးခွန်းလွှာကို ဖြေကြားပြီးဆုံးရန်အတွက် အချိန် မိနစ် (၃၀) ခန့်ကြာပါလိမ့်မည်။
၃။ ဤဖြေကြားချက်များအားလုံးကို လျှို့ဝှက်အဖြစ်သိမ်းဆည်းထားပေးပါမည်။
၄။ ဤမေးခွန်းများကို ဖြေကြားရာတွင် ပြဿနာများ၊ အခက်အခဲများရှိပါက၊ လူမှုအဖွဲ့အစည်းကောင်စီဝင်များသို့ ပြောကြားစေလိုပါ သည်။

၅။ဤမေးခွန်းလွှာများကို ဖြေကြားပြီးဆုံးပါက၊ လူမှုအဖွဲ့အစည်းကောင်စီရုံးခန်းသို့ ပြန်ပို့ပေးစေလိုပါသည်။ သို့မ ဟုတ် ပါကလည်း၊ လူမှုအဖွဲ့အစည်းကောင်စီဝင်လူကြီးများက၊ ပြန်လည်သိမ်းဆည်းနိုင်ရန်အတွက် အောက်တိုဘာလ (၉) ရက်နေ့နောက်ဆုံးထား၍ အဆင်သင့်ဖြေကြားထားပေးစေလိုပါသည်။

**အခန်း (၁) ပုဂ္ဂိုလ်ရေးအချက်အလက် အသေးစိတ်**
၁။ သင်၏ အသက်အုပ်စုကိုဖော်ပြပါ။ (အောက်ဖော်ပြပါ အဖြေများအနက်မှ အုပ်စုတခုကို အမှတ်ခြစ်ပေးပါ။)

☐ ၁၄ နှစ်အောက် ☐ ၃၅–၃၉ နှစ်
☐ ၁၅–၁၉ နှစ် ☐ ၄၀–၄၄ နှစ်
☐ ၂၀–၂၄ နှစ် ☐ ၄၅–၄၉ နှစ်
☐ ၂၅–၂၉ နှစ် ☐ ၅၀–၅၄ နှစ်
☐ ၃၀–၃၄ နှစ် ☐ ၅၅ နှစ်နှင့် အထက်

၂။ တနှစ်လျှင်ရရှိသော သင်၏ဝင်ငွေကိုဖော်ပြပါ။ (ရရှိသောအတိုင်းအတာပမာဏကို အမှတ်ခြစ်ပေးပါ။)

- ☐ ၅၀၀၀ အောက်
- ☐ ၅၀၀၀–၁၀၀၀၀
- ☐ ၁၀၀၀၀– ၁၅၀၀၀
- ☐ ၁၅၀၀၀–၂၀၀၀၀
- ☐ ၂၀၀၀၀ နှင့် အထက်

**အခန်း (၂) အိုးအိမ်အနေအထား**

၁။ သင့်အနေဖြင့် (အမှန်ကို ခြစ်ပေးပါ)။

- ☐ မိသားစုက ပိုင်ဆိုင်သောအိမ်တွင် နေထိုင်သည်။ (မေးခွန်း ၄–သို့ တိုက်ရိုက်ဆက်သွားရန်)
- ☐ အခြားမိသားစုက ပိုင်ဆိုင်သောအိမ်တွင် နေထိုင်သည်။ (မေးခွန်း ၂–ကို သွား၍ဖြေဆိုရန်)

၂။ သင့်အနေဖြင့် သင့်ကိုယ်ပိုင်မိသားစု ပိုင်ဆိုင်သောအိမ်တွင် နေထိုင်လိုပါသလား။ (အမှန်ကို ခြစ်ပေးပါ။)

- ☐ ဟုတ်ပါသည်။ (မေးခွန်း ၃– ကိုဆက်သွားရန်)
- ☐ မဟုတ်ပါ။ (မေးခွန်း ၄–ကို ဆက်သွားရန်)

၃။ သင်နှင့် သင့်မိသားစုကို ကိုယ်ပိုင်အိမ်တွင်နေထိုင်ရန်အတွက် မဖြစ်စေရန် မည်သည့်အကြောင်းများက ဟန့်တားထားသနည်း။ (ကွက်လပ်တွင် ခြစ်ပေးရန်။)

- ☐ ပိုက်ဆံမလုံလောက်သောကြောင့်/ဆောက်လုပ်ရန် ပစ္စည်းအစုံအလင်မရှိသောကြောင့်၊
- ☐ ဆောက်လုပ်ခွင့် မရသောကြောင့်၊
- ☐ အခြား……………………………

၄။ သင်၏အိမ်တွင်း အခြေအနေ မည်သို့ရှိသနည်း။ (အဖြေကို ခြစ်ပေးပါ)

- ☐ ကျေနပ်လောက်ဖွယ်ရှိသည်။ (မေးခွန်း ၃– ကိုသွား၍ဖြေဆိုရန်)
- ☐ ကျေနပ်ဖွယ် မရှိပါ။ (မေးခွန်း ၅–ကို သွား၍ဖြေဆိုရန်)

၅။ အဓိကပြဿနာမှာ မည်သည့်ပြဿနာဖြစ်သနည်း။ (သင့်အိမ်၏ ပြဿနာများအားလုံးကို ခြစ်ပေးပါ။)

- ☐ ကျဉ်းလွန်းသည်၊ ငယ်လွန်းသည်။
- ☐ ဆိုးရွားသော အခြေအနေတွင်ရှိသည်။
- ☐ နေရာမကောင်းသော နေရာတွင်ရှိနေသည်။ (ဥပမာ ရေလွှမ်းမိုးခံရတတ်ခြင်း)
- ☐ အခြား……………………………

၆။ သင်၏ အိမ် ပြင်ဆင်ရန်အတွက် မည်သည့်အခြေအနေက ဟန့်တားထားသနည်း။ (အဖြေတခုကို ခြစ်ပေးရန်)

- ☐ ပိုက်ဆံ မတတ်နိုင်ပါ။
- ☐ ပစ္စည်းကရိယာများ မရရှိပါ။
- ☐ မြေကွက်လုံလောက်စွာ မရရှိပါ။
- ☐ စီမံဆောင်ရွက်ရန်အတွက် အချိန်မရှိပါ။
- ☐ ခွင့်ပြုချက် မရရှိပါ။ (မေးခွန်း ၇ သို့ဖြေဆိုရန်)
- ☐ အခြား……………………………

၇။ မည်ကဲ့သို့သော ခွင့်ပြုချက်မျိုး လိုအပ်သနည်း။

........................................ .............................................. ............................................ ................................................. .

........................................ .............................................. ............................................ ................................................. .

........................................ .............................................. ............................................ ................................................. .

**အခန်း (၃) ကျန်းမာရေးဆိုင်ရာ**

၁။ လွန်ခဲ့သော လအတွင်းက သင်ဖျားနာ၊ ဒဏ်ရာရ၊ နေမကောင်းခြင်းတစ်ခုခု ဖြစ်ခဲ့ပါသလား။

- ☐ ဖြစ်ခဲ့သည်။
- ☐ မဖြစ်ခဲ့ပါ။ (မေးခွန်း ၅– ကိုသွားရောက်ဖြေဆိုရန်)

***အကယ်၍ဖြစ်ခဲ့ပါက၊ နောက်လာမည့်မေးခွန်းကို ဖြေဆိုပေးရန်။***

၂။ မကျန်းမာရသည့် ပြဿနာက ဘာဖြစ်သနည်း။ (အောက်ပါအဖြေများအနက်မှ အမှန်ကို ခြစ်ပေးပါ။)

- ☐ ငှက်ဖျား
- ☐ အအေးမိ၊ တုတ်ကွေး၊ လည်ချောင်းနာ၊
- ☐ ဒဏ်ရာရ
- ☐ အစာအိမ်ရောဂါ
- ☐ ခါးနာရောဂါ
- ☐ အခြား.................................

၃။ ကျန်းမာရေးပြဿနာအတွက် ဆေးကုသမှုရရှိရန် ကြိုးစားခဲ့ ပါသလား။

- ☐ ကြိုးစားခဲ့သည်။ (မေးခွန်း ၄–ကို သွားရောက်ဖြေဆိုရန်)
- ☐ မကြိုးစားခဲ့ပါ။ (မေးခွန်း ၅– ကိုသွားရောက် ဖြေဆိုရန်)

၄။ မည်သူ့ထံသို့ သင်သွားရောက်ခဲ့သနည်း။

- ☐ လူထုကျန်းမာရေးလုပ်သား
- ☐ အလည်အပတ်လာရောက်နေသော သူနာပြု၊ ဆရာဝန်
- ☐ မြို့နယ်ဆေးရုံ
- ☐ အခြား.................................

***မေးခွန်း၄ ကိုဖြေပြီးလျှင်မေးခွန်း ၆–သို့ သွားရောက်ဖြေဆိုရန်။***

၅။ အဘယ်ကြောင့် ဆေးဝါးကုသမှု သွားရောက်မခံရသနည်း။ (အဖြေတခုကို ခြစ်ပေးရန်)

- ☐ ကျန်းမာရေးလုပ်သားမရှိသောကြောင့်၊
- ☐ ကျန်းမာရေးလုပ်သားအား မယုံသောကြောင့်
- ☐ ငွေကြေးမတတ်နိုင်သောကြောင့်
- ☐ ကလေးများချန်မထား နိုင်သောကြောင့်
- ☐ ဝေးသောကြောင့်
- ☐ အခြား.................................

၆။ သင်၏ကျန်းမာရေးလိုအပ်ချက်နှင့် ပြည့်စုံရန်အတွက် မည်သည့်ဖော်ပြပါအချက်များက တားဆီးထားသနည်း။ (အောက်ဖော်ပြပါ အဖြေများမှ ခြစ်ပေးပါ။)

- ☐ ဒေသအတွင်း ဆေးဝါးကုသမှုခံယူရန် မရှိသောကြောင့်
- ☐ ကျန်းမာရေးဆေးခန်းသို့သွားရန် ခရီးသွားလာရေးယာဉ်မရှိသောကြောင့်
- ☐ အခြား.............................

**အခန်း (၄) ပညာရေး**

၁။ မူလတန်းကျောင်းတက်ရောက်နေသော ကလေးများ သင်၌ရှိပါသလား။ (အဖြေတခုကို ခြစ်ပေးပါ)

- ☐ ရှိပါသည်။ (မေးခွန်း ၂– ကိုသွားရောက်ဖြေဆိုပါ)
- ☐ မရှိပါ။ (မေးခွန်း ၅– ကိုသွားရောက် ဖြေဆိုပါ)

၂။ ကလေးများ မည်သည့်နေရာတွင် ကျောင်းတက်ကြသနည်း။ (အဖြေတခုကို ခြစ်ပေးပါ)

- ☐ ဤရပ်ရွာအတွင်း (မေးခွန်း ၅– သို့သွားရောက်ဖြေပေးပါ)
- ☐ နီးစပ်သော ရွာ ( မြို့) တွင် (မေးခွန်း ၃– ကိုသွားရောက်ဖြေပေးပါ)
- ☐ အခြားနိုင်ငံခြားတွင် (မေးခွန်း ၃– ကိုသွားရောက် ဖြေပေးပါ)

၃။ သင့်ကလေးများကို ဤရပ်ရွာအတွင်း၌ပင် ကျောင်းထားလိုပါသလား။ (အဖြေတခုကို ခြစ်ပေးပါ)

- ☐ မှန်ပါသည်။ ☐ မမှန်ပါ။

၄။ သင်၏ကလေးများ မည်သည့်အတွက်ကြောင့် ဤရပ်ရွာအတွင်း၌ပင် ကျောင်းမတက်ကြသနည်း။

- ☐ မူလတန်းကျောင်း မရှိသောကြောင့်
- ☐ ပညာရေးအဆင့်အတန်း နိမ့်သောကြောင့်
- ☐ အခြား...............................

၅။ သင်၏ကလေးအား မူလတန်း ကျောင်းထားရန်အတွက် လိုအပ်ချက်ရှိနေသော မပြည့်စုံမှုများက အဘယ်နည်း။ (အဖြေများကို ခြစ်ပေးပါ)

- ☐ ဆရာ၊ ဆရာမ မလုံလောက်ခြင်း
- ☐ ကျောင်း၊ စာသင်ခန်းအရွယ်အစား ငယ်လွန်းနေခြင်း
- ☐ အားကစားပစ္စည်းများ အလုံအလောက်မရှိခြင်း
- ☐ သင်ထောက်ကူပစ္စည်းများ အလုံအလောက်မရှိခြင်း (စာအုပ်၊ ခဲတံ၊မြေပုံ စသဖြင့်)
- ☐ သင်ကြားလိုသော ဘာသာစကားဖြင့် မသင်ကြားပေးခြင်း
- ☐ အခြား...............................

ဤမေးခွန်းလွှာကို ပြီးဆုံးအောင်ဖြေကြားပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိပါသည်။

သင်၏လိုအပ်ချက်များအကဲဖြတ်ပုံစံအတွက်၊ စုဆောင်းရန်လိုအပ်သောသတင်းအချက်အလက်များအတွက် အောက်ပါအချက်များကို ရှာဖွေလေ့လာရန် လိုအပ်ပါသည်။

- ထိုလူမှုအဖွဲ့အစည်းအတွင်း တည်ရှိနေသော လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ခြင်း။
- ထိုလိုအပ်ချက်များကို မည်သူများက ဖြည့်ဆီးပေးနေသနည်း၊ မည်သည့်ကိစ္စများကို အထူးဆောင်ရွက်ပေးနေသနည်း။
- အခြား မဖြည့်ဆီးပေးနိုင်သော လိုအပ်ချက်များက မည်သို့ကျန်နေသေးသနည်းတို့ ဖြစ်ပါသည်။

## ဆွေးနွေးညှိနှိုင်းခြင်း

သင်ထိုလူမှုအဖွဲ့အစည်းရှိလူများ၊ ဝန်ထမ်းများ၊ ဝန်ဆောင်မှုပေးနေသူများနှင့် ဆွေးနွေးညှိနှိုင်းမှု လုပ်ဆောင်နေစဉ်ကာလအတွင်း ထိုသူများက ပြောပြသောလိုအပ်ချက်များကို သေချာစွာ ရေးသားမှတ်တမ်းတင်ထားရန် လိုအပ်ပါသည်။

## မှတ်တမ်းများ

လူမှုအဖွဲ့အစည်း၏ ရုံးခန်း၊ ဝန်ဆောင်မှုပေးနေသောအဖွဲ့များ၊ လူများထံမှ ရရှိနိုင်သောရေးသားထားသည့် မှတ်တမ်းများမှ အောက်ပါ သတင်းအချက်အလက်များ ရနိုင်ပါသည်။

- လူဦးရေ
- အရင်းအမြစ်များ
- ဤလူမှုအဖွဲ့အစည်းအတွင်းဆောင်ရွက်နေကြသော အဖွဲ့အစည်းများနှင့် လုပ်ငန်းအစီအစဉ်များ စသည်တို့ ဖြစ်သည်။

## ကိန်းဂဏန်းများ

ကိန်းဂဏန်းများဆိုသည်မှာ ဤမေးခွန်းလွှာအားဖြင့် ကောက်ယူစုဆောင်းနိုင်သောအချက်အလက်များ ဖြစ်ပါသည်။ သင်အနေဖြင့် ကောက်ယူစုဆောင်းပြီးပါက၊ ရရှိလာသောအချက်များကို ဆန်းစစ်သုံးသပ်ရန် လိုအပ်ပါသည်။ တနည်းဖော်ပြရလျှင် ဤအချက်များက မည့်သည့်အဓိပ္ပါယ်ကို ဖော်ပြနေသနည်းဆိုသည်ကို အဓိပ္ပါယ်ဖော်ရန် ဖြစ်ပါသည်။ ဤသို့ဆန်းစစ် သုံးသပ်ရန်အတွက် ဆောင်ရွက်နိုင်သောအဆင့်များ ရှိပါသည်။

၁။ သင်၏ရရှိလာသော ကိန်းဂဏန်းများကို အစီအစဉ်အလိုက်ထားရန် လိုအပ်ပါသည်။ ဥပမာ–

- ကျောင်းနေအရွယ် ကလေးမည်မျှကို မိမိရပ်ရွာအတွင်းရှိ ကျောင်းများတွင် ကျောင်းတက်စေသနည်း။
- ကျောင်းနေအရွယ်ကလေးမည်မျှကို အခြားရပ်ရွာများတွင် ကျောင်းတက်စေကြသနည်း။

၂။ သင်ရရှိလာသော ကိန်းဂဏန်းများကို ဇယားအတွင်း ထည့်သွင်းပါ။

၃။ သင်ရရှိလာသော ကိန်းဂဏန်း၊ အချက်အလက်များကို အစီအစဉ်တကျနေရာချပြီးသောအခါ၊ သင်ရရှိလာသော လူမှုအဖွဲ့အစည်း ဆိုင်ရာသတင်းအချက်အလက်များကိုသော်လည်းကောင်း၊ လိုအပ်ချက်များ အကဲဖြတ်ချက်များကို သော်လည်းကောင်း၊ ရပ်ရွာလူထုများသို့ ရံပုံငွေထောက်ပံ့ပေးမည့် အဖွဲ့အစည်းများထံ ပြန်တင်ပြရန် အသင့်ဖြစ်ပြီ ဖြစ်သည်။

## လိုအပ်မှုများအကဲဖြတ်ချက်ကိုသုံး၍ဝန်ဆောင်မှုနှင့် ရံပုံငွေများရရှိစေရန်ကြိုးပမ်းခြင်း

လိုအပ်မှုများအကဲဖြတ်ချက်ဆောင်ရွက်ရသော နောက်ခံအကြောင်းတခုလုံးမှာ၊ ထိုလူမှုအသိုင်းအဝိုင်းအတွင်း မည်သည့်ကိစ္စများလိုအပ်နေသည်ကို သိရှိနိုင်ရန်အတွက် ဖြစ်သည်။ မည်သည့်လိုအပ်ချက်များကိုလက်ရှိအခြေအနေ တွင် ဖြည့်ဆည်းပေးနေနိုင်ပြီး မည်သည့်လိုအပ်ချက်ကိုမူ ဖြည့်ဆည်းရန်လိုအပ်နေသေးသောကိစ္စများ ဖြစ်သည်ကို သိရှိနိုင်ရန်အတွက်ဖြစ်သည်။

အဘယ့်ကြောင့် ဤလိုအပ်ချက်များကို သိရှိရန် လိုအပ်ပါသနည်း။ အဘယ့်ကြောင့်ဆိုသော် လက်ရှိကာလတွင် မဖြည့်ဆည်းပေးနိုင်သေးသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆက်လက်လုပ်ဆောင်နိုင်ရန် ဖြစ်သည်။

ဤလိုအပ်ချက်များကိုမည်ကဲ့သို့ ဖြည့်ဆည်းပေးနိုင်သနည်း။ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လုပ်ငန်းအစီအစဉ်သစ်များဖြင့် ဆောင်ရွက်လုပ်ကိုင်ပေးရမည်ဖြစ်သည်။

လုပ်ငန်းအစီအစဉ်သစ်များကို မည်သို့ထူထောင်နိုင်မည်နည်း။ လုပ်ငန်းအစီအစဉ်သစ်များထူထောင်နိုင်ရန် လိုအပ်သောဘဏ္ဍာငွေအတွက် ငွေရ–သုံးရှင်းတမ်း တင်ပြအဆိုပြုကမ်းလှမ်းပြီး ထိုရရှိမည့်ရံပုံငွေဖြင့် လုပ်ငန်းအစီအစဉ်သစ်ကို ထူထောင် နိုင်မည်ဖြစ်သည်။

ရံပုံငွေများကို မည်သို့ရရှိစေနိုင်သနည်း။ ရံပုံငွေထောက်ပံ့ပေးနေသည့်အဖွဲ့အစည်းများက အမှန်တကယ် လိုအပ်ချက်များရှိနေကြောင်း သိရှိလာခြင်းအားဖြင့် ရရှိစေနိုင်ပါသည်။

အမှန်တကယ်လိုအပ်ချက်များရှိနေကြောင်း သိရှိလာစေရန်၊ မည်ကဲ့သို့တိုက်တွန်းနိုင်သနည်း။ လိုအပ်မှုများ အကဲဖြတ်ခြင်းနည်းအားဖြင့် သင်တင်ပြသောရံပုံငွေလိုအပ်ချက်များ အမှန်တကယ်ဖြစ်ကြောင်း အထောက်အထားအဖြစ် ပံ့ပိုးပေးနိုင်ပါသည်။

လိုအပ်မှုများအကဲဖြတ်ခြင်းနည်းအားဖြင့် လူမှုအသိုင်းအဝိုင်းတခုတွင်မည်သည့်လိုအပ်ချက်များရှိနေသည်ကို ရှာဖွေဆုံးဖြတ်နိုင်ပါသည်။ အကယ်၍လိုအပ်ချက်များ အမှန်တကယ်ရှိနေပါက၊ ထိုလိုအပ်နေမှုများကိုလည်း ဖြည့်ဆည်းနိုင်သေး ခြင်းမရှိပါက၊ ထိုလူမှုအဖွဲ့အစည်းအနေဖြင့် ရံပုံငွေရလာအောင် ရှာနိုင်ပါသည်။ လုပ်ငန်းအစီအစဉ်သစ်များ ရေးဆွဲဆောင်ရွက်နိုင်ပါသည်။

**အနှစ်ချုပ်**

ဤခေါင်းစဉ်အောက်တွင်၊ လိုအပ်ချက်များ အကဲဖြတ်ခြင်းကိစ္စကို လေ့လာခဲ့ပါသည်။ လူမှုအဖွဲ့အစည်း၏လိုအပ်ချက်များကို မည်သို့သိရှိရန် ဆောင်ရွက်နိုင်သနည်း။ မည်သည့် အချက်အလက်များ သက်ဆိုင်နေသနည်း။ သင်စုဆောင်းရရှိထားသော အချက်အလက်များကို မည်ကဲ့သို့အသုံးပြုနိုင်သနည်း စသဖြင့် ဖြစ်ပါသည်။

လိုအပ်ချက်များအကဲဖြတ်ခြင်းသည် လူမှုအဖွဲ့အစည်းဖွံ့ ဖြိုးတိုးတက်မှုဆောင်ရွက်ရန်အတွက် အသုံးချရန် ကရိယာတခုဖြစ်ပါသည်။လိုအပ်ချက်များအကဲဖြတ်ခြင်းအားဖြင့်၊ လိုအပ်ချက်များကို ရှာဖွေသိရှိနိုင်ပြီး ထိုလိုအပ်ချက်များကို မည်သို့ဖြည့်ဆည်းနိုင်မည်ကို လုပ်ဆောင်နိုင်ပါသည်။ လိုအပ်ချက်များအကဲဖြတ်ခြင်းအားဖြင့် လူမှုအဖွဲ့အစည်းအတွင်း ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတူတကွ လုပ်ဆောင်နိုင်ရေးအတွက်သော်လည်းကောင်း၊ လူမှုအဖွဲ့အစည်း တခုလုံး ကောင်းမွန်တိုးတက်စေရေးအတွက်သော်လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။

**လေ့ကျင့်ရန်**

၁။ အောက်ပါလူမှုအဖွဲ့အစည်း အခြေအနေမှတ်တမ်း ကောက်နုတ်ချက်တစ်ခုစီကိုဖတ်ပြီး ယင်းအခြေအနေတို့သည် မည်သည့်အဓိပ္ပါယ်ရှိနေပြီး မည်သည့် လိုအပ်ချက်အခြေအနေများကို ဖေါ်ပြနေပြီး မည်သည့် အရေးယူဆောင်ရွက်ချက်များပြုလုပ်သင့်ကြောင်း သုံးသပ်ဆွေးနွေး တင်ပြပါ။

(က) ကျေးလက်ကျန်းမာရေးမှတ်တမ်းအရ ကလေးငယ်များ အဟာရချို့တဲ့ခြင်းကြောင့် ဖြစ်ပွါးနေသော ရောဂါအခြေအနေများမှာ အလွန်ဆိုးဝါးပြီး များပြားနေကြောင်းကို တွေ့ရှိရပါသည်။

( ခ) မှတ်တမ်းများအရ စာသင်ကျောင်းများပြင်ဆင်စရိတ်သည် နှစ်စဉ် ဘတ်ငွေ ၁၀၀၀၀ ကုန်ကျပြီး ရက်ပေါင်းများစွာစုပေါင်းလုပ်အားပေး မွန်းမံပြင်ဆင်နေရသည်။

(ဃ)မှတ်တမ်းများအရ ကျေးရွာတွင် အရေးပါသော အရွယ်ရောက်သူနှင့် လူကြီးများသည် ကျေးရွာလူထု အစည်းအဝေးများတွင် ပါဝင်တက်ရောက်မှု အလွန်နည်းနေကြောင်းကို တွေ့ရသည်။

၂။ အောက်ပါဇယားမှ လိုအပ်နေသော ရာခိုင်နှုန်းများကို တွက်ချက်ပြီး ဂရပ်တခုရေးဆွဲတင်ပြပါ။

| **လုပ်ငန်းအမျိုးအစား** | **လူဦးရေ** | **%** |
|---|---|---|
| ကျန်းမာရေး | 5 | $\frac{5 \times 100}{70} = 7.14\%$ |
| ကျောင်းဆရာ | 12 | |
| လက်သမား | 10 | |
| စက်မှုလက်မှု | 4 | |
| စိုက်ပျိုးရေး | 39 | |
| **စုစုပေါင်း** | **70** | **100** |

၃။အထက်ပါ လုပ်ငန်းများတည်ရှိနေမှု ကိန်းဂဏန်း အခြေအနေ ပေါ်မူတည်ပြီး သင်တန်းများပြုလုပ်ပေးရမည်ဆိုပါက မည်သည့်လုပ်ငန်းသင်တန်းမှစပြီး ကြီးစဉ်ငယ်လိုက် ဦးစားပေး ဆောင်ရွက်ရမည်ကို ဖေါ်ပြပါ။

၄။ လိုအပ်ချက်များကို အကဲဖြတ်ခြင်း မှတ်တမ်းအချက်အလက်များသည် ရံပုံငွေတင်ပြတောင်းခံရာတွင် မည်သို့အထောက်အကူဖြစ်စေနိုင်သည်ကို သုံးသပ်တင်ပြပါ။

**မိမိလူမှုအဖွဲ့အစည်း ၏ အချက်အလက်ကိုလက်တွေ့မေးမြန်းပြီးပြန်လည်တင်ပြရန်**

(အဖွဲ့လိုက်စုပေါင်း ဆောင်ရွက်ရန်ဆရာမှ လိုအပ်သလိုညွှန်ကြားသွားမည်ဖြစ်သည်။)

(၁) လူမှုအဖွဲ့အစည်း၏ အချက်အလက်မှတ်တမ်းများကို ပြုစုထိန်းသိမ်းလေ့ရှိသည့် အဖွဲ့ အစည်းများထံမှ မိမိလိုအပ်သော အချက် အလက်များကို ရရှိရန် ဆောင်ရွက်ပါ။

(၂) မိမိလူမှုအဖွဲ့အစည်းအချက်အလက်စစ်တမ်း မေးခွန်းလွှာ တစ်ခုကို ရေးသားပြုစုပါ။

(၃) မိမိစစ်တမ်းကောက်လိုသည့် ကဏ္ဍ၏ လိုအပ်ချက်များကို အကဲဖြတ် မေးမြန်းရန် သင့်လျော်သော ပုဂ္ဂိုလ်များကို မေးမြန်းရန်အတွက် မေးခွန်းတစ်စုံကို ပြုစုပါ။

(၄) မေးခွန်းလွှာကို အသုံးပြု၍ သင့်လျော်သော လူဆယ်ဦးအားရွေးချယ် တွေ့ဆုံမေးမြန်းပါ။ ထို့နောက် ရရှိလာသော အချက် အလက် များကို ပြန်လည်စုပေါင်းပြီး မိမိလူမှုအဖွဲ့အစည်းဆိုင်ရာအချက်အလက်ကို ပြည့်စုံစွာပြုစု ရေးသားသုံးသပ် တင်ပြပါ။ ကိန်းဂဏန်းများကို ဂရပ်ဇယားများဖြင့်ပြန်လည်တင်ပြပါ။

## လိုအပ်ချက်များအား အကဲဖြတ်စီစစ်ခြင်း ဆောင်ရွက်ချက်အစီအစဉ်အား စစ်ဆေးခြင်း

### စီမံချက်ချခြင်း

- ✓ သင်သည် လိုအပ်ချက်များ အကဲဖြတ်စိစစ်ခြင်းတရပ်ပြုလုပ်လိုကြောင်းနှင့် အဘယ့်ကြောင့် ပြုလုပ်ရခြင်းဖြစ်ကြောင်းကို လူမှုအဖွဲ့အစည်းဝင်များအား အကြောင်းကြား၍ ယင်းတို့၏ခွင့်ပြုချက်ကို ရယူပါ။ ☐
- ✓ အချက်အလက်များ မည်သို့ စုစည်းမည်ကို ဆုံးဖြတ်ပါ။ ☐
- ✓ လိုအပ်ချက်များ မည်သို့ စုစည်းမည်ကို ဆုံးဖြတ်ပါ။ ☐

### လိုအပ်ချက်များအား အကဲဖြတ်စိစစ်ခြင်း မေးခွန်းစဉ်များ

- ✓ လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိက လိုအပ်ချက်များနှင့် စပ်လျဉ်းသည့် အချက်အလက်များ စုစည်းရန် လိုအပ်ချက်များ အကဲဖြတ် စိစစ်ခြင်း မေးခွန်းအတွဲစဉ်တခု ပြုစုပါ။ ☐
- ✓ မေးခွန်းတွဲများကို တိုတို ပြုစုပေးပါ။ ☐
- ✓ သင့်မေးခွန်းများသည် တိုတောင်း၍ လွယ်ကူစေအောင်ပြုလုပ်ပါ။ ☐
- ✓ တကြိမ်လျှင် တခုသာမေးသောမေးခွန်းဖြစ်စေပါ။ ☐
- ✓ သင့်မေးခွန်းများသည် လိုအပ်ချက်များနှင့်သာ ဆက်စပ်မှုရှိစေပါ။ ☐
- ✓ သင့်မေးခွန်းများ တိကျမှုရှိစေပါ။ ☐
- ✓ သင့်မေးခွန်းများ ရှင်းရှင်းလင်းလင်းရှိစေပါ။ ☐
- ✓ သင့်မေးခွန်းအားလုံးသည် သင့်ပုဂ္ဂလိက အယူအဆအပေါ် အခြေပြုမှုမဖြစ်စေပါနှင့်။ ☐
- ✓ မေးခွန်းအားလုံးကို လူမှုအဖွဲ့အစည်းဝင်များ ဖြေဆိုနိုင်သော မေးခွန်းများဖြစ်စေပါ။ ☐
- ✓ မေးခွန်းများအဓိပ္ပါယ်ပေါ် လွှင်မှု ရှိမရှိသေချာစေရန် တစုံတဦးအား မေးမြန်းကြည့်ခြင်းဖြင့် စစ်ဆေးပါ။ ☐
- ✓ သင့်ပထမဦးဆုံးမေးခွန်းသည် လွယ်ကူသော်လည်း အရေးကြီးသဖြင့် ကောင်းမွန်စွာ ရေးသားပြုစုပါ။ ☐
- ✓ ထပ်မံ ရေးသားဖြည့်စွက်ပေးရမည့် အချက်အလက်မျိုးကို မေးမြန်းထားပါက ရေးသားရန်ကွက်လပ် ကို လုံလောက်အောင် နေရာပေးထားပါ။ ☐
- ✓ သင့်မေးခွန်းစဉ်နှင့်စပ်လျဉ်း၍ လူအများထံမှ ထင်မြင်ချက်များ ပြန်လည်ပေးအပ်ရန် အခွင့်အရေးကို သေချာစွာပေးအပ်ပါ။ ☐
- ✓ စိတ်လှုပ်ရှားဖွယ်ရာ (အာရုံစူးစိုက်ဖွယ်ရာ) မေးခွန်းများကို မေးခွန်းတွဲစဉ်၏နောက်ပိုင်း၌သာ မေးမြန်းထားခြင်းရှိမရှိ သေချာစေပါ။ ☐
- ✓ မေးခွန်းစဉ်များ အသုံးပြုခြင်းခြင့် လူများအား လူတွေ့မေးမြန်းပါ။ ☐
- ✓ သင့်မေးခွန်းစဉ်တွဲများမှ စုစည်းရရှိသည့် ကိန်းဂဏန်းများအား၊ ဇယားကားချပ်များအဖြစ်သို့ ပြောင်းလဲပြုစုပေးပါ။ ☐
- ✓ သင့်အချက်အလက်များအားခွဲခြမ်းစိတ်ဖြာသုံးသပ်ပါ။ ☐

**တိုင်ပင်ခြင်း**

- ✓ မည်သူနှင့်တိုင်ပင်မည်ကို ဆုံးဖြတ်ပါ။ ☐
- ✓ ဤပုဂ္ဂိုလ်များနှင့် တိုင်ပင်မှုအတွက် အခြေခံတရပ်အဖြစ်အသုံးပြုရန် လိုအပ်ချက်များနှင့်စပ်လျဉ်းသည့် မေးခွန်းတစုံပြုစုပါ။ ☐

**မှတ်တမ်းများ**

- ✓ မည်သည့်မှတ်တမ်းများအား စိစစ်မည်ကို ဆုံးဖြတ်ပါ။ ☐
- ✓ ဤမှတ်တမ်းများက သင့် အကဲဖြတ်စိစစ်ခြင်းအား မည်သို့အကူအညီ ဖြစ်စေမည်ကို ကြိုတွက်ထားပါ။ ☐
- ✓ မှတ်တမ်းများစိစစ်ရန် ခွင့်ပြုချက်ရယူထားပါ။ ☐
- ✓ ဆီလျော်သည့် အချက်အလက်များ မှတ်တမ်းတင်ပါ။ ☐

**အစီရင်ခံခြင်း**

- ✓ သင့်လိုအပ်ချက်များ အကဲဖြတ်စိစစ်ခြင်းကို ရေးသားပြုစုပါ။ ☐
- ✓ ညွှန်ကြားချက်များ ထည့်သွင်းပါ။ ☐
- ✓ လိုအပ်ချက်များ အကဲဖြတ်စိစစ်ခြင်းကို သင်မည်သို့ ပြုစုကြောင်း ထုတ်နုတ်ဖော်ပြချက်တရပ်ထည့်သွင်းပါ။ ☐
- ✓ သင့်အား ကူညီခဲ့သူအားလုံးအား မှတ်တမ်းတင်ကြောင်းနှင့် ကျေးဇူးတင်ကြောင်း ဖော်ပြပေးပါ။ ☐
- ✓ နိဂုံးချုပ်  ထည့်သွင်းပေးပါ။ ☐
- ✓ သင့်အစီရင်ခံစာ၌ အမှားများ ပါ/မပါ စစ်ဆေး၍ အမှားအားလုံးကို ပြင်ပေးပါ။ ☐

## လက်တွေ့မေးခွန်းပုံစံအား လေ့လာခြင်း

## ZOA Education Survey  မေးခွန်းနှင့်ပတ်သက်၍

